# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၈၀)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၃ ရက်၊ ၁၈–၂–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက ဆောင်ရွက်တော်မူသည်။

စာမျက်နှာ ၄ သို့ ☆





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ ။

## လုပတင့်တယ်ရန် ရိုးရိုးယဉ်ယဉ် ဝတ်ဆင်သွားရမည်

ရိုးရိုးယဉ်ယဉ်လေး ဝတ်ဆင်ထားသူက တင့်တယ်သောအသွင်ကိုဆောင်သည်။ မြင်ရသူတိုင်း၏ ရင်ကိုအေးမြစေသည်။ ထိုသူကို အထင်မသေးရဲကြ၊ လေးစားတန်ဖိုးထားသည်။ ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားခြင်းကို လူတိုင်းလူတိုင်း အထူးဂရုပြု၍ အလေးအနက်ထားသင့်လှသည်။ "ရိုး"ခြင်းသည် မသစ်ဆန်း မပလွှားသော သဘောဖြစ်သည်။ "ယဉ်"ခြင်းသည် သိမ်မွေ့ပြေပြစ်၍ နှစ်သက်ဖွယ်အမူအရာရှိသော သဘောလည်းဖြစ်သည်။ အဝတ် ဝတ်ဆင်ရာတွင် မသစ်ဆန်း မပလွှားဘဲ သိမ်မွေ့ပြေပြစ် နှစ်သက်ဖွယ်ဖြစ်အောင် ဆင်ယင်မှုကို ရိုးရိုးယဉ်ယဉ် ဝတ်ဆင်မှုဟု ဆိုရမည်ဖြစ်သည်။

အဝတ်အထည်ဝတ်ဆင်ခြင်းသည် လူတိုင်းအတွက် မရှိလျှင်မဖြစ်သော အခြေခံလိုအပ်ချက်ဖြစ်သည်။ စားခြင်း၊ နေထိုင်သွားလာခြင်းတို့ကဲ့သို့ အရေးကြီးလှသည်။ လူတို့သည် မိမိနေထိုင်ရာ နေရာဒေသ၏ ရာသီဥတုအခြေအနေ၊ ရေမြေသဘာဝ အနေအထားအလိုက် ဝတ်ဆင်နိုင်ရန် အဝတ်အထည်များကို တီထွင်ကြသည်။ အပူပိုင်းဒေသတွင် နေထိုင်သူများက ပါးလွှာသော အဝတ်အထည်ကို ဝတ်ဆင်ကြသည်။ အအေးပိုင်းတွင် နေထိုင်သူတို့က ထူထဲသော အဝတ်အထည်များကို ဝတ်ဆင်ကြသည်။ ရာသီဥတုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် အဝတ်အထည် အမျိုးမျိုးဝတ်ဆင်ကြသည်။ အဝတ်အထည်ဝတ်ဆင်ရခြင်း၏ ရည်ရွယ်ချက်မှာ အရှက်လုံခြုံရန်၊ ရာသီဥတုဒဏ်ကာကွယ်နိုင်ရန်၊ လုပတင့်တယ်ရန်ဟူသော ရည်ရွယ်ချက်များဖြစ်သည်။

"တောင်းမှာအကွပ် လူမှာအဝတ်"ဟု ဆိုးရိုးရှိသည်။ တောင်းတွင် အကွပ်သည် အရေးကြီးသကဲ့သို့ လူတွင် အဝတ်သည် အရေးကြီးသည်။ တောင်းတွင်အကွပ်သည် အဆင်တန်ဆာ၊ ခိုင်ခံ့မှုအတွက်ဖြစ်သည်။ လူတွင် အဝတ်သည် အဆင်တန်ဆာဖြစ်ပြီး လူ့ယဉ်ကျေးမှုအတွက် ခိုင်ခံ့ရန်ဖြစ်သည်။ တောင်းတွင် သေသပ်သော အနားကွပ်ပါလျှင် တန်ဖိုးရှိသကဲ့သို့ လူတွင်လည်း အဝတ်အစား သေသပ်စွာဝတ်ဆင်ပါမှ တန်ဖိုးထားခြင်းခံရမည်ဖြစ်သည်။ ရှိသေလေးစားခြင်းခံရမည်ဖြစ်သောကြောင့် အဝတ်အထည် ဝတ်ဆင်မှုကို အလေးထားရမည်ဖြစ်သည်။

ရှေးမြန်မာတို့သည် အဝတ်အထည်ကို စီမံရာတွင် မြန်မာ့ရေမြေသဘာဝနှင့် လျော်ညီသော မြန်မာ့လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်သော အဝတ်အထည်များကို တီထွင်ခဲ့ကြသည်။ ကိုယ်ပိုင်အမျိုးသားရေးဝတ်စုံအဖြစ် ဖန်တီးခဲ့ကြသည်။ လူငယ်တို့သည် အဝတ်အထည်ဝတ်ဆင်ရာတွင် အမျိုးသားရေးလက္ခဏာ အစဉ်အလာမပျောက်အောင် သတိပြုသင့်လှသည်။ လူငယ်လူရွယ်တို့သည် ဆန်းသစ်တီထွင်လိုသည်။ အရာရာကို အတုခိုးလွယ်သည်။ အသစ်သစ်တို့ကို ခုံမင်သည်။ ထို့ကြောင့် ဖက်ရှင်ပြပွဲများ၊ ဗီဒီယိုရုပ်ရှင်များမှ နိုင်ငံခြားသရုပ်ပျက် ဝတ်ဆင်မှုများကို အားမကျ၊ နည်းမယူ၊ အတုမခိုးသင့်ပေ။ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုကိုစွန့်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုကို ပုံတူကူးချကျင့်သုံးပါက တင့်တယ်မှုမရှိနိုင်ပေ။ အမြင်မတော်ဆင်တော်နှင့် ခလောက်ကဲ့သို့ဖြစ်မည်။ ထိုကဲ့သို့ မဖြစ်အောင် သတိထား၍ ယဉ်ကျေးသိမ်မွေ့စွာ ဝတ်ဆင်ကြရမည်ဖြစ်သည်။

ခေတ်သည် ပြောင်းလဲသော သဘောရှိ၏။ ခေတ်နှင့်အညီ တီထွင်သည်ကို အပြစ်မဆိုသာပါ။ တီထွင်သမျှသည် မြန်မာ့လူနေမှုစနစ်၊ အစဉ်အလာယဉ်ကျေးမှုနှင့် ကိုက်ညီမှုရှိရန် လိုအပ်မည်လည်းဖြစ်သည်။ ပြောင်းလဲလာသောခေတ်နှင့်အညီ ရိုးရိုးယဉ်ယဉ် ဝတ်ဆင်နိုင်ရန် ဖန်တီးရမည်ဖြစ်သည်။ အဝတ်အထည် ဝတ်ဆင်ခြင်းကို အပြင်ပန်းကိစ္စ၊ အပေါ်ယံကိစ္စဟု သာမန်အားဖြင့် သဘောမထားသင့်ပါ။ လူတစ်ယောက်ကိုတွေ့လျှင် ဦးစွာအဝတ်အထည်ဝတ်ဆင်မှုကို အကဲခတ်လေ့ရှိသည်။ အဝတ်အထည် ဝတ်ဆင်မှုကိုကြည့်ကာ စိတ်နေသဘောထားကို ခန့်မှန်းနိုင်သည်။ ထို့ကြောင့် ရိုးရိုးယဉ်ယဉ်ဝတ်ဆင်မှုကို အလေးထားရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဝတ်စားဆင်ယင်မှုသည် လူမျိုး၏ စိတ်နေသဘောထားနှင့် ယဉ်ကျေးမှုအဆင့်အတန်းကို ညွှန်ပြလေ့ရှိသောကြောင့် လုပတင့်တယ်ရန်အတွက် ရိုးရိုးယဉ်ယဉ်ဝတ်ဆင်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မုံရွာမြို့ဘုရားလှ ဘုရားဝင်းမှ (၈၇)နှစ်ရှိ ကြေးခေါင်းလောင်းကြီးနှင့် ခေါင်းလောင်းစင် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၁၇**

မုံရွာမြို့၏ မြို့သမိုင်းဝင် ဘုရားစာရင်းတွင် ပါဝင်သော အလယ်ရပ်မှ ဘုရားလှစေတီ ဘုရားဝင်းအတွင်းရှိ သက်တမ်း (၈၇)နှစ်ရှိပြီဖြစ်သည့် ကြေးခေါင်းလောင်းကြီးနှင့် ခေါင်းလောင်းစင်ကို ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

ကြေးခေါင်းလောင်းကြီးနှင့် ခေါင်းလောင်းစင်သည် ဘုရားလှစေတီတော်ကြီး၏ တနင်္ဂနွေထောင့် အရှေ့မြောက်ထောင့်တွင် တည်ရှိပြီး ပြီးခဲ့သည့် ၇ရက်ခန့်မှစပြီး ခေါင်းလောင်းစင် အဆောက်အအုံကို အလှူရှင်တစ်ဦးက ပြန်လည်ပြုပြင်နေပြီး ကြေးခေါင်းလောင်းကြီးကိုလည်း ရောင်တော်ပြန်ဖွင့်သွားမည်ဖြစ်သည်။

ခေါင်းလောင်းပေါ်တွင် "သက္ကရာဇ် ၁၃၀၀ ပြည့်နှစ် တပို့တွဲလဆုတ် ၁ရက်၊ စနေနေ့တွင် မုံရွာမြို့ မြို့မင်းကြီး ဦးဘိုးအို K.I.H.A.T.M. ဒေါ်တုပ်တို့က ဤခေါင်းလောင်း ပိဿာချိန် ၁၈၉ ပိဿာ ၈၇ ကျပ်သားခွဲကို ဘေးမဲ့ချမ်းသာ မဟာရာမ်ဆီးဘုရားကြီးအား လှူဒါန်းပါသည်"ဟုရေးထိုးထားသည်။

ခေါင်းလောင်းကြီးကို ကြေးမုံရွာက ကြေးသွန်းဆရာကြီး ဦးထွန်းမြက လက်ရာမြောက်သွန်းလောင်းပုံဖော်ထားပြီး ခေါင်းလောင်းပတ်လည်နှင့် အတွင်းမျက်နှာများတွင် နံရံပန်းချီကဲ့သို့ ရုပ်ပုံများနှင့်အတူ အင်းကွက်အများအပြား ရေးထိုးထားကြောင်း သိရသည်။ (၃၉၄)

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

**သင့်ကျန်းမာရေး အတွက်နေ့စဉ် လမ်းလျှောက်ပါ။**

## မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ ကြီးမှူး၍ လူသစ်တန်း ကာယဗလပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီမှကြီးမှူး၍ လူသစ်တန်းကာယဗလပြိုင်ပွဲကို မတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

လူသစ်တန်း ကာယဗလ ပြိုင်ပွဲအမျိုးအစား ၇၀ ကီလိုအထိ ကာယဗလမောင်ပြိုင်ပွဲနှင့် ကီလို (၇၀)အထက် ကာယဗလမောင် ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။




ပြိုင်ပွဲစည်းကမ်းချက်များမှာ မန္တလေးတိုင်း လူရွေးပွဲ ရွှေမန်းမောင် အငယ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများ၊ ရွှေမန်းမောင်အကြီးတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများ၊ တက္ကသိုလ်မောင်ပြိုင်ပွဲတွင် ပထမရရှိသူများ၊ လူသစ်တန်း ပြိုင်ပွဲတွင် ပထမရရှိဖူးသူများ ယှဉ်ပြိုင်ခွင့်မပြု၊ မှတ်ပုံတင်မိတ္တူနှင့်တကွ ပူးတွဲဖောင်တင်ရမည်ဖြစ်ပြီး ၉/ မှတ်ပုံတင်မဟုတ်သော မန္တလေးနေ ဝန်ထမ်းနှင့် ကျောင်းသားများ ခြောက်လနေထိုင်ကြောင်း ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူနှင့် ပူးတွဲဖောင်တင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများနေဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းတွင် ပါဝင်ယှဉ်ပြိုင်ပေးရမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်ပါက ဆုတံဆိပ်နှင့် ဆုကြေးငွေများ ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်သည်။

၂၁-၃-၂၀၂၆ရက် နံနက် ၈ နာရီ ဗထူးကာယဗလလေ့ကျင့်ခန်းမတွင် ပြိုင်ပွဲဝင်များ ဝိတ်တန်းချ၊ ခါးနံပါတ်မဲနှိုက်မည်ဖြစ်ရာ မှတ်ပုံတင်မူရင်း ယူဆောင်လာရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဖောင်များကို ၂-၃-၂၀၂၆ ရက်မှစ၍ ၂၀-၃-၂၀၂၆ ရက် နောက်ဆုံးထား စာရင်းသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဗထူးကာယဗလ ဖုန်း ၀၉-၇၅၆၈၈၄၀၆၊ ဆရာနေဆန်း ဖုန်း ၀၉-၇၉၅၆၈၁၂၂၇၊ ဆရာဇော်ကြီး ဖုန်း ၀၉-၉၆၂၀၆၀၀၉၆၊ ဆရာကျော်ဆန်းမောင် ဖုန်း ၀၉-၂၅၉၁၄၂၄၀၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ခဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်အတွင်း စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုငြိမ်းသတ်လေ့ကျင့်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက ဦးချို စက်သုံးဆီအရောင်းဆိုင်၊ AY စက်သုံးဆီအရောင်းဆိုင်နှင့် ထူးစတား စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံစွာထားရှိရန် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး အမြှုပ်လုပ် ပိုက်ခေါင်းနှင့်မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးနှင့်မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)နှင့် ပုဒ်မခွဲ(ထ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) **ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း** ဆိုသည်မှာ အကူသူနာပြုများကိုဖြစ်စေ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကိုဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာဘာသာရပ်အလိုက် စနစ်တကျလေ့ကျင့်သင်ကြားမွေးထုတ်နိုင်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သောလုပ်ငန်းကို ဆိုသည်။

(ထ) **ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ ဆေးကုသဌာန တည်ထောင်ဖွင့်လှစ်၍မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဘာသာရပ်ဆိုင်ရာ အထူးဆေးကုသခွင့်လိုင်စင်ရရှိသူက အနည်းဆုံး ၂၄ နာရီစောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှုကို စနစ်တကျကုသသည့်လုပ်ငန်းကို ဆိုသည်။

ရှင်းလင်းချက်။ **အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှု** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၀-ခ ပါ အင်္ဂါရပ်များနှင့် ညီညွတ်မှုရှိသည့် ခွဲစိတ်ခန်းအသုံးပြု၍ ခွဲစိတ်မှုပြုလုပ်ကုသရန် လိုအပ်သော်လည်း ဆေးရုံတွင် ၂၄ နာရီထက် ကျော်လွန်၍ အတွင်းလူနာအဖြစ် တက်ရောက်ကုသရန် လိုအပ်ခြင်းမရှိသည့် ခွဲစိတ်ကုသမှုကို ဆိုသည်။"

(ခ) မူလပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ) နှင့် (န) တို့ကို ပုဒ်မခွဲ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေတွင် ပါရှိသော "အစိုးရအဖွဲ့"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ကျန်းမာရေးဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ကုသရေးဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ကြိုတင်ခွင့်ပြုချက်" ဆိုသည့်စကားရပ်ကို "ကြိုတင်ထောက်ခံချက်"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်နယ်၊ တိုင်း"ဆိုသည့် စကားရပ်ကို "နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ) နှင့် (ည) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊

(ည) ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း။"

၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ အခန်း(၈)၏ နောက်တွင် အခန်း (၈-က)နှင့် အခန်း (၈-ခ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း (၈-က)**

**ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-က။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်တို့ကို စီစဉ်ထားရှိခြင်း၊

(ခ) ဆေးလက်တွေ့ သင်ကြားမည့်သင်တန်းများအတွက် သက်ဆိုင်သော ဌာနများပါရှိသည့်ဆေးရုံများနှင့် တွဲဖက်ဖွင့်လှစ်ခြင်း၊

(ဂ) ဆေးလက်တွေ့ မဟုတ်သည့် သင်တန်းများအတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ ပြည့်စုံစွာထားရှိခြင်း၊

(ဃ) အဆောက်အအုံ၏ပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် ကျောင်းအင်္ဂါရပ်များဖြင့်ညီညွတ်ခြင်း၊

(င) မီးဘေးအန္တရာယ်လုံခြုံရေး၊ လေဝင်လေထွက် ကောင်းမွန်ရေးနှင့် လုံလောက်သော အလင်းရောင်ရရှိရေးတို့ကို စီစဉ်ထားခြင်း၊

(စ) သင်ကြားပြသပေးမည့် ဘာသာရပ်ဆိုင်ရာဆရာများ ခန့်အပ်ထားခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် လေ့ကျင့်သင်ကြားခြင်း၊

(ဇ) သင်တန်းသားလက်ခံရေးမူဝါဒနှင့် စိစစ်အကဲဖြတ်ရေးမူဝါဒတို့ကို ရေးဆွဲထားခြင်း၊

(ဈ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း၊

**အခန်း (၈-ခ)**

**ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-ခ။ ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) လုံလောက်သော အကျယ်အဝန်းရှိသည့် သီးခြားအဆောက်အဦရှိခြင်းနှင့် သတ်မှတ်ချက်များနှင့် ပြည့်စုံသောနေရာတွင် တည်ထောင်ခြင်း၊

(ခ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသောစံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးကုသဌာန အတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) ပြင်ပလူနာများကို ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့်လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများ ထားရှိခြင်း၊

(င) လူနာများကို အရေးပေါ် အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊

(စ) သတ်မှတ်ထားသော စံနှင့် ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဈ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ည) သန့်ရှင်းသော သောက်ရေ၊ သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဋ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဌ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဍ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

(ဎ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဏ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။"

၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်ရန်ကြိုတင်ထောက်ခံချက်လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အတူ ကြိုတင်ထောက်ခံချက် ထုတ်ပေးခြင်းသို့မဟုတ်ကြိုတင်ထောက်ခံချက်ထုတ်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။"

၇။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၈။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ)နှင့် (ဖ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များကို မမှန်မကန်ကြော်ငြာခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ထ) သက်ဆိုင်ရာ လိုင်စင်အရခွင့်ပြုထားသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဒ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများပြည့်စုံလုံလောက်စွာထားရှိပြီး သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားနိုင်ရန် စီမံထားရှိခြင်း၊

(ဓ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးဆိုင်ရာ အကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်းမပြုရန် ကြပ်မတ်ခြင်း၊

စာမျက်နှာ ၄ သို့ ✳

* စာမျက်နှာ ၃ မှ

(န) ဖွင့်လှစ်ဆဲ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်း လုပ်ငန်းတစ်ခုခု ရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်တန်းသားများ၏ အခွင့်အရေး မဆုံးရှုံးစေရန် စီမံဆောင်ရွက်ခြင်း၊

(ပ) သင်တန်းသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဖ) သင်တန်းသားများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်း အောင်လက်မှတ်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးခြင်း။"

၉။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၁။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ကုသမှုအထောက်အကူပြု သင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၁၀။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၃။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊ ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

☆ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး၊ ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လကလည်းကောင်း၊ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။ ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အတည်ပြုချက်ရယူပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်(ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက စတုစတ္တာလီသတိမ(၄၄) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာထွန်းမင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာသဲနုထွေး<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |



## စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မှူး ဦးမင်းမင်းစိုး၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ပြည်ကြီးရန်လုံရပ်ကွက်ရှိ Denko စက်သုံးဆီအရောင်းဆိုင်နှင့် အိုးဘိုရွှေကျင်ရပ်ကွက်၊ မန္တလေး-မတ္တရာကားလမ်းဘေးရှိ Denko စက်သုံးဆီအရောင်းဆိုင်တို့အား မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခြင်း၊ ဆိုင်မန်နေဂျာများနှင့် ဝန်ထမ်းများကို 191 Report Application အသုံးပြုတတ်စေရန်နှင့် လိုအပ်သည့် အကြံပြုလမ်းညွှန်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)





# နိုင်ငံတော်သြဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်သြဝါဒါစရိယ၊ သောင္ဃသမဂ္ဂရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းက သွားရောက်ဖူးမြော်ကြသည်။

ရွှေဦးစွာ သီတဂူဝိပဿနာအကယ်ဒမီကျောင်းရှိ သီတဂူစန္ဒြကန္တိကျောင်းဆောင်တွင် သီတင်းသုံးတော်မူနေသည့် နိုင်ငံတော်သြဝါဒါစရိယ၊ သောင္ဃသမဂ္ဂရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်ကြီးအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သြဝါဒများခံယူခဲ့ကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မဟာမုနိဘုရားကြီးသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော် ရွှေကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုအခြေအနေများ၊ စိန်ဖူးတော်ကြီး၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များ တင်လှူပူဇော်နိုင်ရေးနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ငှက်မြတ်နားတော်တွင် ချိတ်ဆွဲရန် အလှူရှင် မိသားစုဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်အောင်နှင့် အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်လှလှဝေ(ဂရိတ်စိန်-စိန်ရွှေရတနာဆိုင်)မိသားစုမှ လှူဒါန်းသည့် မိုးကုတ်ပတ္တမြား (၁၀၉)ပွင့်၊ စိန်ဖွေးသန့် (၈၅)ပွင့်၊ ရွှေတင်ချိန်(၁၆ ဒသမ ၀၁၆) ဂရမ်အား လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုလွှာမှတ်တမ်းပြန်လည်ပေးအပ်ခဲ့ကြောင်း၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





## နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများ စိုက်ပျိုးထားသော စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်း စားသုံးဆီဖူလုံပိုလျှံရေး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ အခြားသီးနှံစိုက်ပျိုးခြင်းထက် နေကြာသီးနှံသည် ဂရုတစိုက်ဆောင်ရွက်ရခြင်းမျိုးမရှိဘဲ ထွန်ယက်စိုက်ပျိုးရပြီး လူနှင့်လုပ်အားခ၊ အရင်းအနှီးများစွာ မကုန်ကျ၍ ဈေးကောင်းရလျှင် ဒေသခံတောင်သူများ ဝင်ငွေကောင်းမွန်ခြင်းကြောင့် ဆီထွက်သီးနှံနေကြာကို စိုက်ပျိုးကြခြင်းဖြစ်သည်။

ယခုအခါ နေကြာတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ရှစ်သိန်းခန့်ကုန်ကျကာ တစ်ဧကအထွက်နှုန်းမှာ ၂၅ တင်းမှ တင်း ၃၀ အထိထွက်ရှိပြီး တစ်တင်းကို ကြိတ်ခွဲလျှင် ဆီ ၃ ပိဿာခွဲမှ ၄ ပိဿာအထိ ထွက်ရှိကြောင်း၊ တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ ရောင်းချရသောကြောင့် နေကြာစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူ တစ်ဦးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀



## စားအုန်းဆီ ၁၀၁၂ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းမှ Resources Group Trading Co.,Ltd. မှ စားအုန်းဆီများကို ဝယ်ယူပြီး အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေး၍ တစ်ကြိမ်ရောင်းချပေးပါက နှစ်ပိဿာနှုန်းဖြင့် အပတ်စဉ် ပြည်သူများအား အလှည့်ကျရောင်းချပေးလျက်ရှိရာ ယမန်နေ့က စားအုန်းဆီ ၁၀၁၂ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့သည်။ (ဓါပုံ)

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဒေါ်သက်သက်မွန်(အနန္တဂုဏ်)၊ ဦးနန်းဦး (နဒီဇရာ)၊ ဒေါ်သဇင်အောင် (နေလသုခ) ဆီအရောင်းဆိုင်များမှ ၄တ္တကတောင် ပြည်သူများအား ပိဿာ ၁၁၀၊ အေးမြကြည်လင်ရပ်ကွက်နှင့် တောင်တော်၊ စိုင်ပင်သာ၊ ပိန်းရေ၊ ထိန်အင်းကျေးရွာပြည်သူများအား ပိဿာ ၆၆၀၊ အေးရွာ၊သပြေကုန်းကျေးရွာပြည်သူများအား ၃၄၂ ပိဿာ၊ စုစုပေါင်း စားအုန်းဆီ ၁၀၁၂ ပိဿာ ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား အလှည့်ကျ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

# ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်၊ ကလော-ရွှေညောင်-ကလောနှင့် တောင်ကြီး-ပေါမူ-တောင်ကြီး ရှုခင်းကြည့် (Sightseeing) ရထားခရီးစဉ်များ ခရီးသည်စီးနင်းမှုများပြား



နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှ ခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားလာသူများကို ရှမ်းပြည်နယ်၏ ရေမြေတောတောင်သဘာဝရှုခင်းများအား ကြည့်ရှုခံစားနိုင်ရန်နှင့် သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား အနီးကပ်လေ့လာနိုင်ရန်အတွက် ပြင်ဦးလွင်-ဂုတ်ထိပ်- ပြင်ဦးလွင်နှင့် တောင်ကြီးမြို့၏ အလှအပများနှင့် သဘာဝရှုခင်းများအားကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ-တောင်ကြီး ရှုခင်းကြည့် (Sightseeing) ရထားခရီးစဉ်များကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးလျက်ရှိပြီး ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/ အပြန်) (ဟဲဟိုး)ဘဝသံသရာ ရှုခင်းကြည့် ရထားခရီးစဉ်ကို Package ဖြင့် အထူးရထား စင်းလုံးငှားရမ်း ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ခရီးသွားလာသူများ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားကြောင်း သိရသည်။

တောင်ကြီး-ပေါမူ-တောင်ကြီး (အသွား/အပြန်) ရှုခင်းကြည့်ရထားခရီးစဉ်အား ရထားစီးခရီးသည်များပြားမှုကြောင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရထားပြေးဆွဲမှုကို တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့ရပြီး ခရီးသည် စုစုပေါင်း ၄၆၁ ဦးနှင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် နံနက်ပိုင်း တစ်ကြိမ် ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၂၃၇ ဦး လိုက်ပါခဲ့သည်။

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေး၍ ပြေးဆွဲချိန် တစ်နာရီခွဲခန့် ကြာမြင့်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာ၍ လမ်းခရီးတွင် ဘဝသံသရာ အပိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးခဲ့ကာ ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ပြီး ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ အလားတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ ညနေ ၅ နာရီပြန်လည်ရောက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/ အပြန်) (ဟဲဟိုး) ဘဝသံသရာ ရှုခင်းကြည့် ရထားခရီးစဉ်ကို Package ဖြင့် အထူးရထား စင်းလုံးငှားရမ်း ပြေးဆွဲပေးခဲ့ပြီး ပုဂ္ဂလိက ခရီးသွားအဖွဲ့မှ ခရီးသည် ၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် ရထားခရီးစဉ်အနေဖြင့် ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးလျက်ရှိရာ ဇန်နဝါရီလအထိ ပုံမှန် RBE ရထား ခရီးစဉ်တွင် ခရီးသည် ၆၂၁ ဦး၊ Package ဖြင့် RBE ရထားစင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၁၁၄၀ ပို့ဆောင်ပေးခဲ့ပြီး ခရီးသည်စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ယခု ဖေဖော်ဝါရီလ ရုံးပိတ်ရက်ကာလအတွင်း ခရီးသည်စီးနင်းမှုများပြားသဖြင့် ဂုတ်ထိပ်(၁)၊ ဂုတ်ထိပ်(၂) ပုံမှန် RBE ရထား ခရီးစဉ်ကို အထက်တန်းတစ်တွဲနှင့် ရိုးရိုးတန်း ငါးတွဲပါဝင်သော ရထားကြီးဖြင့် ပြေးဆွဲပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်အတွင်း ခရီးသည် စုစုပေါင်း ၅၈၂ ဦး၊ Package ဖြင့် RBE ရထား စင်းလုံးငှားရမ်းမှုတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ အထက်တန်း RBE တွဲ ခရီးစဉ်သုံးကြိမ်၊ ရိုးရိုးတန်း RBE တွဲခရီးစဉ်နှစ်ကြိမ်နှင့် ရိုးရိုးတန်း RBE တွဲနှစ်တွဲပါ ခရီးစဉ်တစ်ကြိမ်ဖြစ်၍ ခရီးသည် စုစုပေါင်း ၂၃၂ ဦးနှင့် စင်းလုံးငှား ရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ဖေဖော်ဝါရီ ၁၁ ရက်၌ Mother Love ပုဂ္ဂလိကကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၂၄၀ ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲပေးချိန်မှ ယနေ့အထိ ခရီးသည် စုစုပေါင်း ၃၂၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်- ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ် (၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင် ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချို ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ် ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာအထိ လူ ၂၀ လိုက်ပါ စီးနင်းနိုင်သည့် RGC ရထားအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

အထက်ပါ ရှုခင်းကြည့် (Sightseeing) ခရီးစဉ်များအတွက် Package ဖြင့် RBE (သို့မဟုတ်) ရထားကြီး စင်းလုံးငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ရုံးပိုင်ကြီး (အထူးတန်း) ပြင်ဦးလွင်၊ ဖုန်း ၀၉-၄၄၈၅၃၈၈၃၀ နှင့် ကလော-ရွှေညောင် အသွား/ အပြန် ခရီးစဉ်အတွက် Package ဖြင့် အထူးရထား ငှားရမ်းမှုများကို ရုံးပိုင် (တာဝန်ခံ)ကလော၊ ဖုန်း ၀၈၁-၂၃၅၀၁၄၃ မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❍ စာမျက်နှာ ၂၄ မှ

ယခုတစ်ပတ် အစိုးရရုံးပိတ်ရက်ရှည်ကာလများတွင် တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ လာရောက်ခဲ့ကြပြီး Grade-12 တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးချိန်တွင် ဘုရားဖူးခရီးသွားများ ယခုထက် ပိုမိုစည်ကားနိုင်ကြောင်း မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

မန်းရွှေစက်တော်ရာ ဘုရားကြီး၌ ဘုရားပွဲတော် ကျင်းပစဉ်ကာလတစ်လျှောက် ပွဲတော်ဖွင့်ပွဲရက်၊ တပို့တွဲလပြည့်နေ့၊ တပေါင်းလပြည့်နေ့နှင့် တန်ခူးလမဟာသင်္ကြန် ရုံးပိတ်ရက်ကာလများတွင် နှစ်စဉ်နှစ်တိုင်း အစည်ကားဆုံးဖြစ်ကာ ယခုနှစ်ဘုရားပွဲတော်ကာလတွင် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မန်းရွှေစက်တော်ရာ ဘုရားကြီးအနီးရှိ မင်းလှကျင်းကျေးရွာမှ ဒေသခံများက ရှေးရိုးရာအစဉ်အလာမပျက် လှည်းယဉ်တန်းများဖြင့် ဘုရားဖူးလာရောက်နိုင်ရေး စီစဉ်လျက်ရှိကြကြောင်း၊ အဆိုပါကျေးရွာမှ လှည်းယဉ်တန်းများသည် တပေါင်းလပြည့်နေ့မတိုင်မီ ဘုရားဖူးလာရောက်ကြပြီး တပေါင်းလပြည့်ကျော် ၁ ရက်တွင် ပြန်လည်ထွက်ခွာလေ့ရှိသဖြင့် လှည်းဝိုင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှတ်တရ မှတ်တမ်းရယူခြင်းနှင့် လှည်းယဉ်တန်းများဖြင့် ဘုရားဖူးသွားရောက်သည့် ရှေးရိုးရာဓလေ့ အစဉ်အလာကို လေ့လာလိုသည့် ဘုရားဖူးပြည်သူများအနေဖြင့် တပေါင်းလပြည့်နေ့မတိုင်မီ လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်း ဦးအေးကိုက ရှင်းပြသည်။

"ကျွန်တော်တို့ မိသားစုက မကွေးမြို့ကနေ နေ့ချင်းပြန်လာကြတာပါ။ ဘုရားရောက်တော့ ခြေတော်ရာနှစ်ဆူကို ဦးခိုက်ဖူးမြော်ပြီး ဘုရားပန်းလှူ၊ ရွှေသင်္ကန်းနဲ့ ဆွမ်းကပ်လှူတယ်။ ဒါ့အပြင် နဂါးစာကျွေးကုသိုလ်ပြုပြီး ဘုရားက မျောက်လေးတွေကို အစာကျွေးကြတယ်။ အိမ်က ကလေးတွေ ဘုရားဖူးလည်ပတ်ရင်း ပင်ပန်းထားသမျှ မန်းချောင်းထဲမှာ ရေချိုးပြီး အပန်းဖြေနေတာ မြင်တွေ့ရတော့ စိတ်ထဲမှာကြည်နူးပျော်ရွှင်ရပါတယ်" ဟု မကွေးမြို့မှ ဘုရားဖူးလာရောက်သူ ကိုဇော်ဌေးလှိုင်က ပြောသည်။

"မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားပြီးတော့ တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်တဲ့ မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို ဘုရားဖူးကားနဲ့ အပေါင်းအသင်းတွေနဲ့ အတူ ကျွန်မတို့ မိသားစုလိုက်လာကြတာပါ။ ဘုရားပွဲတော်က ဆောင်းအကုန် နွေအကူးကာလဆိုတော့ နွေရဲ့ရသကို ပိုပြီးခံစားရသလို လမ်းတစ်လျှောက်မှာလည်း အပင်တွေက ရွက်ဟောင်းကြွေ ရွက်သစ်ဝေနေတဲ့ မြင်ကွင်းက လွမ်းမောဖွယ်ရာ ကောင်းလှပါတယ်။ လာမယ့်နှစ်တွေမှာလည်း မန်းရွှေစက်တော်ကို အန်တီတို့ မိသားစုနဲ့အတူ နောက်တစ်ကြိမ် ဘုရားဖူးလာနိုင်အောင် ကြိုးစားသွားဦးမှာပါ" ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက် လည်ပတ်သူ ဒေါ်မြင့်ကြည်က ပြောသည်။

"မန်းရွှေစက်တော်ကို လာလည်ချင်နေတာကြာပြီ။ ရွှေစက်တော်ဘုရားပွဲကို တစ်ခါမှ မရောက်ဖူးသေးလို့ အိမ်က ကလေးငယ်တွေနဲ့အတူ ရောက်ဖူးအောင် လာလိုက်တာပါ။ လမ်းခရီးတစ်လျှောက် အေးချမ်းသာယာပြီး ဘုရားကို ရောက်တော့လည်း ရင်ထဲရော စိတ်ထဲမှာပါ အေးချမ်းပျော်ရွှင်ရပါတယ်။ ဘုရားဖူးခရီးသွားရင်း အလှူအတန်းနဲ့ ကောင်းမှုကုသိုလ်တွေ ပြုလုပ်တယ်။ ဘုရားပွဲဈေးတန်းမှာ လည်ပတ်ပြီး မန်းချောင်းထဲရေချိုးရတာ အလွန်ပဲ ပျော်စရာကောင်းပါတယ်။ မန်းရွှေစက်တော် ဘုရားကြီးက အေးချမ်းသာယာပြီး ဘုရားဖူးလည်ပတ်ရင်း ပျော်ရွှင်စရာကောင်းတဲ့ နေရာဖြစ်လို့ ရောက်ဖူးတဲ့သူတွေရော မရောက်ဖူးသေးတဲ့သူတွေရော ဘုရားဖူးလာရောက်ကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်ရှင်" ဟု ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ ဘုရားဖူးခရီးသွားပြည်သူ ဒေါ်ဌေးဌေးလှိုင်က ပြောသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်များ အပါအဝင်(တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ)ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



❂ စာမျက်နှာ ၂၄ မှ

ဖြစ်စဉ်မှာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖားဆောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်မဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့အား လိုက်လံချေမှုန်းခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ကယားပြည်နယ် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့၏ အနောက်ဘက် မိုင် ၃၂၀ ခန့်အကွာ ဖားဆောင်း-မယ်စဲ့-ဘီပီ(၁၃) သွားကားလမ်း မိုင်တိုင်အမှတ် (၀/၃) နှင့် (၀/၄) ကြားရှိ အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် အရှည် ပေ ၁၂၆၀၊ အကျယ် ၂၄ ပေ၊ သံကူကွန်ကရစ် အမျိုးအစား သံလွင်တံတား(ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါ တံတား၏ အနောက်ဘက်ကမ်းကပ်ခုံမှ အရှည်ပေ ၂၅၀၊ အကျယ် ၂၄ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှု၍ ယုတ်မာရိုင်းစိုင်းစွာဖြင့် အများပြည်သူအဓိက သွားလာရာနှင့် ကုန်စည်များစီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် သံလွင်တံတား(ဖားဆောင်း)အား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရပြီး တံတားပျက်စီးမှုကို သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား (ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှု။





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား (ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှု။

## အောင်မြေသာစံမြို့နယ်အတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး



(အပေါ်ပုံ)

**မန္တလေး ဖေဖော်ဝါရီ ၁၇**

ပွင့်လင်းခြောက်သွေ့သော ရာသီအချိန်သို့ ရောက်ရှိလာပြီဖြစ်ရာ မီးလောင်မှုနှင့် မီးလန့်မှုများ လျော့နည်းကျဆင်းလာစေရေးအတွက် အောင်မြေသာစံမြို့နယ်အတွင်း ဖေဖော်ဝါရီ ၁၆ရက်က မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်၊ လက်ထောက်မီးသတ်ဦးစီးမှူးများနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ ဒုတိယအရန်မီးသတ်တပ်ရင်းမှူးမြင့်ဇော်၊ တပ်ခွဲ(၃)အရန်မီးသတ်တပ်ခွဲမှူး ဇော်ဝင်းအောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ရာအိမ်မှူးများ ပူးပေါင်း၍ မြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများလျော့နည်းကျဆင်းလာစေရေးအတွက် အမရဌာနီအရှေ့ရပ်ကွက်တွင် မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးသုံးစွဲမှုအခြေအနေများ စစ်ဆေးဆောင်ရွက်ခြင်း၊ ရပ်ကွက်အတွင်းရှိ မီးသတ်ရေငုတ် Hydrants ခေါင်းများစစ်ဆေးခြင်း၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် ဝါယာကြိုးသွယ်တန်းထားမှုများ စစ်ဆေးဆောင်ရွက်ခြင်းနှင့် လိုအပ်သည့် အကြံပြုလမ်းညွှန်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## ဆိုလာအင်ဗာတာအား လျှပ်စစ်မီးဖြင့် အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၆လမ်း၊ ၄၂ လမ်းနှင့် ၄၃ လမ်းကြားတွင် ရွှေရည် Fruit Brand နေကာလိပ်၊ မိုးကာ၊ ဇာပြာ၊ စိုက်ပျိုးရေးပိုက်မည်းနှင့် ကြက်ခြံသုံးပစ္စည်းများ ရောင်းဝယ်ရေးဆိုင်တွင် ယနေ့နံနက် ၅ နာရီ ၁၅ မိနစ်က ဆိုလာအင်ဗာတာအား လျှပ်စစ်မီးဖြင့် အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုကြောင့် PRADO ကားတစ်စီး၊ RC (၃)ထပ်နေအိမ်တစ်လုံးနှင့် အတွင်းပစ္စည်းအမြောက်အမြား မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်းမှာ နေအိမ်အောက်ထပ်တွင် ထားရှိသည့် ဆိုလာအင်ဗာတာအား လျှပ်စစ်မီးဖြင့် အားသွင်းထားရာမှ အပူလွန်ကဲပြီး အောက်ခြေရှိ ပလတ်စတစ်နေကာလိပ်များမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးစီးသည့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့များက မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ်ငါးစီးနှင့် အုပ်ချုပ်မှုယာဉ်သုံးစီးတို့ဖြင့် လာရောက်မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀



## အီရန်နျူကလီးယားအရေး ဒုတိယအကျော့ ဆွေးနွေးပွဲများတွင် အမေရိကန်သမ္မတ ထရမ့် သွယ်ဝိုက်သောနည်းဖြင့် ပါဝင်သွားမည်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်သမ္မတ ဒေါနယ်လ် ထရမ့်က ဂျီနီဗာမြို့တွင် ကျင်းပမည့် အီရန်နှင့် ဝါရှင်တန်တို့ အကြား အရေးပါသော နျူကလီးယားဆိုင်ရာ ဒုတိယအကျော့ဆွေးနွေးပွဲများတွင် ၎င်းအနေဖြင့် သွယ်ဝိုက်သောနည်းဖြင့် ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရတ်ချီသည် အမေရိကန်နှင့် သွယ်ဝိုက်ဆွေးနွေးမှုများ မပြုလုပ်မီ တွေ့ဆုံပွဲများတက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ သွားရောက်စဉ်အတွင်း ဖေဖော်ဝါရီ ၁၆ရက်တွင် သမ္မတထရမ့်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အရေးကြီးသောဆွေးနွေးပွဲများမတိုင်မီ ပင်လယ်ကွေ့ဒေသတွင် တင်းမာမှုများမြင့်တက်နေပြီး အမေရိကန်က ဒေသတွင်းသို့ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောတစ်စင်း စေလွှတ်ထားသကဲ့သို့ အီရန်အဓိပတိ အယာတိုလာခါမေနီကလည်း အီရန်အပေါ် တိုက်ခိုက်မှုမှန်သမျှသည် ဒေသတွင်းစစ်ပွဲကို ဖြစ်ပွားစေလိမ့်မည်ဟု သတိပေးထားသည်။

ကျင်းပရန်စီစဉ်ထားသည့် ဆွေးနွေးပွဲများသည် အရေးပါသောဆွေးနွေးပွဲများဖြစ်သည်ဟု သမ္မတထရမ့်က အဲဖို့စ်ဝမ်းလေယာဉ်ပေါ်၌ သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀

**ဘန်ကောက် ဖေဖော်ဝါရီ ၁၇**

## တရုတ်နှစ်သစ်ကူးနှင့် အမေရိကန်ရုံးပိတ်ရက်ဖြစ်ခြင်းတို့ကြောင့် ရွှေတစ်အောင်စလျှင် ဒေါ်လာ ၅,၀၀၀ အောက်သို့ ထပ်မံကျဆင်း

အာရှဒေသရှိ ဈေးကွက်အများအပြား၌ တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်နေခြင်းနှင့် တနင်္လာနေ့က အမေရိကန်ပြည်ထောင်စုတွင် အစိုးရရုံးပိတ်ရက်ဖြစ်ခြင်းတို့ကြောင့် အရောင်းအဝယ်အေးနေချိန်တွင် ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅,၀၀၀အောက်သို့ ထပ်မံကျဆင်းသွားကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

ဖေဖော်ဝါရီ ၁၇ရက်တွင် ရွှေဈေးနှုန်း ၁ ဒသမ ၄ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ယခင်ရက်ကလည်း ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အမေရိကန်၏ ငွေကြေးဖောင်းပွမှု အချက်အလက်များက ဖက်ဒရယ် အရန်ဘဏ်အနေဖြင့် အတိုးနှုန်းလျှော့ချရန် အကြောင်းဖန်လာခြင်းကြောင့် ပြီးခဲ့သည့်သောကြာနေ့က ရွှေဈေးနှုန်းခေတ္တမြင့်တက်ခဲ့သည်။



အတိုးနှုန်းသို့မဟုတ် ဈေးငွေကုန်ကျစရိတ်သက်သာခြင်းသည် အကျိုးအမြတ်တိုက်ရိုက်မပေးသော အဖိုးတန်သတ္တုများအတွက် အထောက်အပံ့ဖြစ်စေသည်။

ဇန်နဝါရီလနှောင်းပိုင်းတွင် မှန်းဆချက်ဖြင့် ဝယ်ယူမှုများပြားခဲ့ခြင်းကြောင့် ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ဒေါ်လာ ၅,၅၉၅ ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအကူးနှစ်ရက်အတွင်း ရုတ်တရက်ဈေးနှုန်းထိုးကျမှုကြောင့် ဒေါ်လာ ၄,၄၀၀အနီးသို့ ရောက်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကျဆင်းသွားသော ဈေးနှုန်း၏ ထက်ဝက်ခန့်ကို ပြန်လည်ရရှိခဲ့ရာမှစ၍ ရွှေဈေးကွက် မတည်မငြိမ်ဖြစ်နေကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဆွစ်ဇာလန်တောင်ပိုင်းတွင် ဒေသန္တရ ရထားလမ်းချော် လူငါးဦး ထိခိုက်ဒဏ်ရာရရှိ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေ

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၇**

ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်းတွင် ဒေသန္တရ ရထားတစ်စီး လမ်းချော်မှုဖြစ်ပွားရာ လူငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနကဖော်ပြသည်။

အဆိုပါဒေသတွင် ဆီးနှင်းထုပြိုကျနိုင်ခြေမှာ ဒုတိယအမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေသည့်အချိန်တွင် ယခုဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီသတင်းဌာန၏ ဖော်ပြချက်အရ ဂေါ့ပင်စတိန်းမြို့အနီး အမြင့်ပေ ၄,၀၀၀(၁,၂၁၆ မီတာ)ရှိသောနေရာတွင် ဆီးနှင်းများ အပြင်းအထန်ကျဆင်းနေစဉ်အတွင်း ယမန်နေ့က အဆိုပါမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားမဖြတ်သန်းမီ အချိန်အနည်းငယ်အလိုတွင် ရထားလမ်းပေါ်သို့ ဆီးနှင်းထုပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း ကနဦးစုံစမ်းစစ်ဆေးမှုများအရ သိရှိရသည်ဟု ရဲတပ်ဖွဲ့ကပြောကြားခဲ့ပြီး အစိုးရရှေ့နေရုံးကလည်း စုံစမ်းစစ်ဆေးမှုများ စတင်နေပြီဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် လူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားရသည်ဟု ဆိုသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အယ်လ်ပ်တောင်တန်းတစ်လျှောက်နှင်းလျှောစီးသူများအကြား လူသေဆုံးမှုများရှိခဲ့သည့် ဆီးနှင်းပြိုကျမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် ယခု ရထားမတော်တဆမှု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



# STOP AIDS

## လှျပ်စစ်ကားအားသွင်းစနစ်နှင့် ဟိုက်ဒရိုဂျင်လောင်စာအတွက် စံနှုန်းများကို ထိုင်းစွမ်းအင်စီးပွားရေးဦးစီးဌာန သတ်မှတ်ပြဋ္ဌာန်း

**ဘန်ကောက် ဖေဖော်ဝါရီ ၁၇**

ထိုင်းနိုင်ငံ၏ သန့်စင်သော စွမ်းအင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ဆောင်ရွက်နေစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေရန်နှင့် ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ရွယ်၍ လျှပ်စစ်ကားအားသွင်းစနစ်နှင့် ဟိုက်ဒရိုဂျင်လောင်စာဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် အမျိုးသားအဆင့်စံနှုန်းများကို စွမ်းအင်စီးပွားရေးဦးစီးဌာနက သတ်မှတ်ပြဋ္ဌာန်းလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါလုပ်ဆောင်ချက်သည် အစားထိုးလောင်စာများအတွက် တစ်ပြေးညီဖြစ်သော ဘေးကင်းလုံခြုံရေးလုပ်ထုံးလုပ်နည်းနှင့် စံနှုန်းတစ်ခုဖန်တီးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း စွမ်းအင်စီးပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် စာရာဝုဒ် ကေတာသစ်က ပြောကြားသည်။

ထိုသို့ စံနှုန်းသတ်မှတ်ခြင်းသည် စွမ်းအင်ကဏ္ဍတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသူများအတွက် ရှင်းလင်းပြတ်သားမှုရှိစေရန်နှင့် ယာဉ်မောင်းများအတွက် ဝန်ဆောင်မှုများကို ပိုမိုလွယ်ကူစွာရရှိနိုင်စေရန်အတွက်ဖြစ်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀

## ဟစ်ဇဘိုလာ လက်နက်တိုက်များ ဖျက်သိမ်းရေးအပြီးသတ်ရန် လက်ဘနွန်တပ်မတော်အနေဖြင့် လေးလခန့် အချိန်ယူရမည်ဟုဆို

**ဘေရွတ် ဖေဖော်ဝါရီ ၁၇**

လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇဘိုလာအဖွဲ့၏ လက်နက်တိုက်များကို ဖျက်သိမ်းမည့် ဒုတိယအဆင့်စီမံကိန်းကို အပြီးသတ်ရန်အတွက် ၎င်းတို့၏တပ်မတော်အနေဖြင့် အနည်းဆုံးလေးလခန့် အချိန်ယူရမည်ဟု လက်ဘနွန်အစိုးရက ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အစ္စရေး၏ နေ့စဉ်နီးပါး တိုက်ခိုက်မှုများအပါအဝင် ဟစ်ဇဘိုလာအဖွဲ့ လက်နက်ဖြုတ်သိမ်းရန် အမေရိကန်နှင့် အစ္စရေးတို့ထံမှ ဖိအားများမြင့်တက်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီး ပေါလ်မော်ကို့စ်က တနင်္လာနေ့တွင် ထိုသို့ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟစ်ဇဘိုလာအဖွဲ့နှင့် တစ်နှစ်ကျော်ကြာဖြစ်ပွားခဲ့သော နယ်စပ်ဖြတ်ကျော် ပဋိပက္ခများကို အဆုံးသတ်ရန် ၂၀၂၄ခုနှစ်တွင် အမေရိကန်က ကြားဝင်စေ့စပ်ပေးသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးက လက်ခံခဲ့သော်လည်း ဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။

အဆိုပါပဋိပက္ခများကြောင့် လက်ဘနွန်လက်နက်ကိုင်အဖွဲ့မှာ များစွာအင်အားချိနဲ့သွားခဲ့ပြီး ၎င်းတို့၏ခေါင်းဆောင်အများစုလည်း သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

Mon

## ဆောင်းရာသီမုန်တိုင်းနှင့် ဆီးနှင်းသတိပေးချက်များ အမေရိကန်အမျိုးသားမိုးလေဝသဌာန ထုတ်ပြန်ထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

လာမည့်ရက်များအတွင်း ဆီးနှင်း ၁၅ပေခန့်အထိ ကျဆင်းနိုင်ပြီး လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၀၀ ကျော်အထိ ရှိလာနိုင်သည့် ဆောင်းရာသီမုန်တိုင်း သတိပေးချက်များကို အမေရိကန်အမျိုးသားမိုးလေဝသဌာနနှင့် ဝါရှင့်မိုးလေဝသပညာရှင်တစ်ဦးတို့က ထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန်အနောက်ဘက်ကမ်းခြေသို့ ဝင်ရောက်မည့် အဆိုပါမုန်တိုင်းစနစ်များကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ပြီး မြင်ကွင်းလုံးဝမမြင်ရသည့် ဆီးနှင်းမုန်တိုင်း အခြေအနေများကြောင့် ခရီးသွားလာမှုများဘေးကင်းစွာပြုလုပ်နိုင်တော့မည်မဟုတ်ဟု ခန့်မှန်းရသည်။

နီဗားဒါးပြည်နယ်၊ ရီနိုမြို့ရှိ အမျိုးသား မိုးလေဝသဌာနက ဖေဖော်ဝါရီ ၁၆ရက်တွင် အရေးပေါ် ဆောင်းရာသီမုန်တိုင်းသတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ကာလီဖိုးနီးယားနှင့် နီဗားဒါးပြည်နယ်များအတွင်း တည်ရှိသော ဆီယာရာနီဗားဒါးတောင်တန်းတစ်လျှောက်တွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ကျော်အထိ ရှိလာနိုင်သည်ဟု ဆိုသည်။



ထို့ပြင် ကာလီဖိုးနီးယား၊ နီဗားဒါးနှင့် ဝါရှင်တန်ပြည်နယ်များကို ဖြတ်သန်းသွားသော ၃၉၅ မိုင်ရှိ အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ ဒေသများတွင်လည်း တစ်နာရီလျှင် မိုင် ၆၀မှ မိုင်၇၀အထိ လေပြင်းများ တိုက်ခတ်နိုင်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀

## စက်သုံးဆီအရောင်းဆိုင်၌ ဆီလှယ်ရန်ဖွင့်နေစဉ် မီးပွင့်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ပခုက္ကူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာရှိ ဟိန်းစည်စက်သုံးဆီအရောင်းဆိုင်၌ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီ ၂၂ မိနစ်ခန့်က မော်တော်ယာဉ်ပေါ်မှ 92 ဓာတ်ဆီပေပါအား ဆီလှယ်ရန်ဂေါက်ဖြင့်ဖွင့်နေစဉ် မီးပွင့်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီ ၂၂ မိနစ်ခန့်က ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာနေ ဦးဇော်ဝင်းမောင်ပိုင်ဆိုင်သော ဟိန်းစည်စက်သုံးဆီအရောင်းဆိုင်၌ ဆိုင်အလုပ်သမား မောင်အာကာဖြိုးက မော်တော်ယာဉ်ပေါ်မှ 92 ဓာတ်ဆီပေပါအား ဆီလှယ်ရန် ဂေါက်ဖြင့်ဖွင့်နေစဉ် မီးပွင့်ရာမှတစ်ဆင့် မီးစတင်ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ဆိုင်ရှိ 92ဓာတ်ဆီ ဂါလန် ၁၀၀၊ ပေပါ နှစ်လုံး၊ မော်တော်ယာဉ်ခေါင်းခန်းထိုင်ခုံနှင့် တာယာ သုံးလုံး ပျက်စီးဆုံးရှုံးခဲ့ပြီး ဦးဇော်ဝင်းမောင်မှာ ယာဘက်လက်မောင်းအရေပြားမီးအပူဟပ်(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များက အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီးတို့ဖြင့်ထွက်ခွာပြီး ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၃၈ မိနစ်တွင် လုံးဝမီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ပေါ့ဆသူဆိုင်အလုပ်သမား မောင်အာကာဖြိုးဆိုသူအား ပခုက္ကူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနရုံးမှ သိရသည်။ **(ဝဲပုံ)(၃၄၀)**



## စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကိုးပင်ကျေးရွာ စက်သုံးဆီအရောင်းဆိုင်များ၌ မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ ကောင်း၊ မကောင်း၊ သက်တမ်းလွန် မီးသတ်ဆေးဘူးများ ရှိ၊ မရှိ၊ မီးသတ်ရေလှောင်ကန်များ၌ ရေများ အရန်သင့်စုဆောင်းထားရှိမှု ရှိ၊ မရှိ၊ စက်သုံးဆီသိုလှောင်ကန်များ၌ စက်သုံးဆီများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချပေးနေမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ဖြည့်တင်းဆောင်ရွက်ရန် မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦးနှင့် ကလေးငယ် နှစ်ဦး ဒဏ်ရာရရှိ

**မိုးညို ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၌ ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသား နှစ်ဦးနှင့် ကလေးငယ် နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် မိုးညိုမြို့၊ သခင်လှရှိန်ရပ်ကွက်၊ သခင်လှရှိန်လမ်း၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်းသတင်းအရ မိုးညိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သခင်လှရှိန်လမ်းအတိုင်း တောင်မှမြောက်သို့ ငှက်ပျော်ထုံးကျေးရွာနေ ခန့်ကိုကိုထက်(၂၄)နှစ်ဆိုသူ မောင်းနှင်ပြီး သမီးဖြစ်သူ မအလင်္ကာချို(၄)နှစ်နှင့် မသဲသစ္စာ(၁၀)နှစ်တို့ လိုက်ပါလာသော SUZUKI SMASH ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် လားရာတူ ရှေ့မှ ထော်လာဂျီယာဉ်အား ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ ကျားကျွန်းကျေးရွာနေ သက်ဖြိုးပိုင်(၁၅)နှစ်ဆိုသူ မောင်းနှင်လာသည့် NEW ZHINENG ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ခန့်ကိုကိုထက်ပါ အမျိုးသား နှစ်ဦးနှင့် ကလေးငယ်နှစ်ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ခန့်ကိုကိုထက်ဆိုသူအား မိုးညိုမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦး ဒဏ်ရာရရှိ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် ကျိုင်းတုံမြို့နယ်၊ ဝမ်ဆာကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်ကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်နေ ဦးမြင့်သန်းထွန်း(၄၃)နှစ်ဆိုသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်နန်းဂျူလိုင်ဦး(၄၀)နှစ်ဆိုသူ လိုက်ပါလာသော MAZDA BONGO ယာဉ်သည် အခင်းဖြစ်နေရာအရောက် မျက်နှာချင်းဆိုင်ဘက်မှ ကျိုင်းတုံမြို့နယ်၊ နမ့်လင်းတောင်းကျေးရွာနေ ရဲရင့်ယော်(၂၄)နှစ်ဆိုသူမောင်းနှင်ပြီး တစ်ရွာတည်းနေ ယောနာထ(၁၃)နှစ် လိုက်ပါလာသည့် Honda Wave I 125 ဆိုင်ကယ်နှင့် လမ်းလယ်တွင် မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သဖြင့် ရဲရင့်ယော်နှင့် ယောနာထတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် မြင့်သန်းထွန်းနှင့် ရဲရင့်ယော်တို့ နှစ်ဦးအား ကျိုင်းတုံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဘိန်းခင်းများ ဖျက်ဆီး

**လွိုင်လင် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းခင်း စုစုပေါင်း ၁၉၆ ဧကခန့်အား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီအထိ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ဟွေတောက်ကျေးရွာအုပ်စု၊ ကျိုင်းခမ်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ဧက ၆၀ ခန့်အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ မိနစ် ၅၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ ကုန်းလောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၅ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၂ နာရီခွဲအထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ နမ့်ဖာမူကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၉ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့နယ်၊ မိုင်းနော့ဖာတကျေးရွာအုပ်စု၊ ဖာတကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၃၆ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၁၀ နာရီ ၃၅ မိနစ်မှ ညနေ ၄ နာရီ ၁၀ မိနစ်အထိ မိုင်းပျဉ်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာအုပ်စု၊ နမ့်တက်ကျေးရွာ၊ ကောင်းပျက်(၁)ကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၄၁ ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀




## ဒိုမီနစ်ဆိုဘိုဇလိုင်းအား စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်း စီစဉ်



**လန်ဒန် ဖေဖော်ဝါရီ ၁၇**

လီဗာပူးအသင်းသည် အသင်းကွင်းလယ်ကစားသမား ဒိုမီနစ်ဆိုဘိုဇလိုင်းအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။ **(ဝဲပုံ)**

ကွင်းလယ်ကစားသမား ဒိုမီနစ်ဆိုဘိုဇလိုင်းသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ပွဲကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လီဗာပူး၏အသင်းထုတ်ပြန်ချက်တွင် 'ဒိုမီနစ်ဆိုဘိုဇလိုင်းကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်' ဟု ထုတ်ပြန်သည်။ **(NGB)**

## ဂျက်ဆီဘီဆီဂူအား ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁၇**

ဘာစီလိုနာအသင်းသည် ကလပ်ဘရုဂေးအသင်း တောင်ပံကစားသမား ဂျက်ဆီဘီဆီဂူအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကလပ်ဘရုဂေးအသင်းကလည်း ဂျက်ဆီဘီဆီဂူအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ကလပ်ဘရုဂေးအသင်းထံမှ ဂျက်ဆီဘီဆီဂူအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Francisco Cerundolo ဆွတ်ခူး

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင် အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Cerundolo က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ အာဂျင်တီးနား တင်းနစ်ကစားသမား Francisco Cerundolo သည် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Luciano Darderi အား ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Francisco Cerundolo က 'ကျွန်တော် အခုလို 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ အပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(ဝဲပုံ)(NGB)**

## ဇန်နဝါရီလအတွက် ပြင်သစ်လီဂူးတစ်လတာအကောင်းဆုံး ကစားသမားဆုကို အန်းဒရစ် ဆွတ်ခူး

**ပါရီ ဖေဖော်ဝါရီ ၁၇**

ပြင်သစ်လီဂူးမှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို လိုင်ယွန်အသင်း တိုက်စစ်မှူး အန်းဒရစ်က ဆွတ်ခူးနိုင်ခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက လိုင်ယွန်အသင်းနှင့်အတူ ပြင်သစ်လီဂူးပွဲစဉ် နှစ်ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အန်းဒရစ်သည် ယခုနှစ် ဆောင်းရာသီဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ လိုင်ယွန်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ငါးပွဲကစားကာ ငါးဂိုး သွင်းယူထားသည်။

အသက်(၁၉)နှစ်အရွယ်ရှိ အန်းဒရစ်က 'အခုလို တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ' ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## တွမ်မာဆိုပိုဘီဂါအား ဘိုလော့ဂ်နာအသင်း အပြီးသတ်ခေါ်ယူ

**မီလန် ဖေဖော်ဝါရီ ၁၇**

ဘိုလော့ဂ်နာအသင်းသည် အေစီမီလန်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား တွမ်မာဆိုပိုဘီဂါအား အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘိုလော့ဂ်နာအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား တွမ်မာဆိုပိုဘီဂါသည် ယခုနှစ်



ဘောလုံးရာသီတွင် အေစီမီလန်အသင်းမှ ဘိုလော့ဂ်နာအသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၅ပွဲကစားကာ သုံးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တွမ်မာဆိုပိုဘီဂါက 'ကျွန်တော် ဘိုလော့ဂ်နာအသင်းကို အပြီးသတ်ပြောင်းရွှေ့ရောက်ရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်' ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## အင်္ဂလိပ်အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များ ထွက်ပေါ်



**လန်ဒန် ဖေဖော်ဝါရီ ၁၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ပဉ္စမအဆင့် မဲခွဲပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ရာ ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်အက်ဖ်အေဖလား ပဉ္စမအဆင့်တွင် ဖူလ်ဟမ်အသင်းနှင့် ဆောက်သမ်တန်အသင်း၊ နယူးကာဆယ်အသင်းနှင့် မန်စီးတီးအသင်း၊ လိဒ်စ်အသင်းနှင့် နော့ဝှစ်ချ်အသင်း၊ မန်းစ်ဖီးလ်အသင်းနှင့် အာဆင်နယ်အသင်း၊ ဝုဖ်အသင်းနှင့် လီဗာပူးအသင်း၊ ဝရက်ဟမ်အသင်းနှင့် ချယ်လ်ဆီးအသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် ဘရန့်ဖို့ဒ်အသင်း၊ ဆန်းဒါးလန်းအသင်းနှင့် ဘရစ္စတိုး/ပို့တ်ဗေးလ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို လာမည့် မတ် ၇ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ဘိုင်ယန်မြူးနစ်အသင်းသည် ချယ်လ်ဆီးအသင်းဂိုးသမား ရောဘတ်ဆန်းချက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အသင်းမှ ထွက်ခွာပြီး ဥရောပသို့ ပြန်လည်လာရောက်ကစားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ **(NGB)**

### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ပ-အကျော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၉-၂-၂၀၂၆ ကြာသပတေးနေ့ | နံနက်၀၀:၁၅နာရီ | ကွာရာဘတ် - နယူးကာဆယ် (အဇာဘိုင်ဂျန်-၂) (အင်္ဂလန်-၁၀) | ——— |
| ၁၉-၂-၂၀၂၆ ကြာသပတေးနေ့ | နံနက်၀၂:၃၀နာရီ | ဘိုဒိုဂလင့် - အင်တာမီလန် (နော်ဝေ-၂) (အီတလီ-၁) | ——— |
| ။ | ။ | ကလပ်ဘရုဂျက် - အက်သလက်တီကို (ဘယ်လ်ဂျီယံ-၃) (စပိန်-၄) | ကလပ်ဘရုဂျက် ၂-၀ အက်သလက်တီကို<br>အက်သလက်တီကို ၀-၀ ကလပ်ဘရုဂျက် |
| ။ | ။ | အိုလံပီယာကို့စ် - လေဗာကူဆင် (ဂရိ-၂) (ဂျာမနီ-၆) | အိုလံပီယာကို့စ် ၂-၀ လေဗာကူဆင်<br>(၂၁-၁-၂၀၂၆ချန်ပီယံလိဂ်အုပ်စုပွဲစဉ်) |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄)(ပွဲကျန်) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၂-၂၀၂၆ နံနက် ၀၂:၁၅နာရီ | (၂) အေစီမီလန် - ကိုမို (၇)<br>(W,W,D,W,W) (W,W,D,W,L) | အေစီမီလန် ၂-၁ ကိုမို<br>ကိုမို ၁-၂ အေစီမီလန် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)(ပွဲကျန်) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၂-၂၀၂၆ နံနက် ၀၁:၃၀နာရီ | (၁၉) လီဗန်တေး - ဗီလာရီးရဲလ် (၃)<br>(L,W,D,L,L) (L,L,D,W,L) | လီဗန်တေး ၂-၀ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၅-၀ လီဗန်တေး |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁)(ကြိုကန်) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၂-၂၀၂၆ နံနက် ၀၂:၃၀နာရီ | (၂၀) ဝုဖ် - အာဆင်နယ် (၁)<br>(L,L,L,D,W) (W,W,W,D,W) | ဝုဖ် ၀-၁ အာဆင်နယ်<br>အာဆင်နယ် ၂-၀ ဝုဖ် |

# ဂျိုရွာကျေးရွာ၌ IPRCC (Phase-II) ဖြင့် ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံပွဲ ကျင်းပ

**အမရပူရ ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် IPRCC (Phase-II) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဂျိုရွာကျေးရွာ၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ဂျိုရွာကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်မှ အမှာစကားပြောကြားပြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ပပအေး IPRCC (Phase-II) တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များတင်ပြပြီး ကျေးရွာအချက်အလက်များနှင့် ရှင်းလင်းတင်ပြခဲ့သည်။



အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာသူ၊ ကျေးရွာသားများမှ စီမံကိန်းလုပ်ငန်းစဉ်များ သိရှိလိုသည်များ၊ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဂျိုရွာကျေးရွာ အမြင့်တင်ရေစင် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းမှ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) အောင်ရဲကျော်**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး၊ ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး (စစ်ကိုင်းမြို့နယ်)မှ တပ်ဖွဲ့စုမှူးနှင့်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ကိုင်းမြို့ ကိုးပေမီးပွိုင့်နှင့် ဈေးမီးပွိုင့်တို့တွင် မော်တော်ဆိုင်ကယ်များနှင့် သုံးဘီးတပ်မော်တော်ယာဉ်များအား လမ်းလယ်မှ မောင်းနှင်ခြင်းမပြုရန်၊ လမ်း၏ညာဘက်ဆုံး ယာဉ်ကြောမှသာ မောင်းနှင်ကြရန်၊ မေးသိုင်းကြိုးသေချာစွာ တပ်ဆင်၍ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြရန် အသိပညာပေးပြောကြားခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

ဆိုင်ကယ်နောက်ထိုင်လိုက်ပါလာသော သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ဆိုင်ကယ်စီးဦးထုပ် အလုံး ၅၀ အား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(၀၄၅)**

# ရဲတပ်ဖွဲ့သုံးလက်နက်များ ကျွမ်းကျင်စွာအသုံးပြုပစ်ခတ်နိုင်ရေး (ဆင့်ပွား)အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်

**မုံရွာ ဖေဖော်ဝါရီ ၁၇**

ရဲတပ်ဖွဲ့သုံးလက်နက်များ ကျွမ်းကျင်စွာအသုံးပြုပစ်ခတ်နိုင်ရေး(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၂၆)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နိုင်လင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။ သင်တန်းတွင် သင်တန်းနည်းပြဆရာ သုံးဦးက ရဲတပ်ဖွဲ့သုံးလက်နက်များ ကျွမ်းကျင်စွာ အသုံးပြုပစ်ခတ်နိုင်ရေးနှင့် စပ်လျဉ်း၍ သင်တန်းသား ၂၀ ဦးအား ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၇ ရက်အထိ သင်တန်းကာလ ၁၂ရက်ကြာ အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နိုင်လင်း၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး၊ မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူး၊ သင်တန်းနည်းပြဆရာများနှင့် မုံရွာခရိုင်ရဲတပ်ဖွဲ့မှ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**(ယာပုံ) (၃၉၄)**





# သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်များအတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းတင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက အစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်၊ သမဝါယမအသင်းများက လုပ်ငန်းဆောင်ရွက်ရာတွင် အသင်းဥပဒေ၊ နည်းဥပဒေနှင့်ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့်ပတ်သက်၍ သမဝါယမအသင်းအဆင့်ဆင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းအားလည်းကောင်း၊ အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းစာရင်းစစ်အစီရင်ခံစာအားလည်းကောင်း၊ အသင်းအမှုဆောင်အဖွဲ့မှ ဖတ်ကြားရှင်းလင်းတင်ပြ၍ တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များထံမှ သဘာပတိက အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုချက်များ ရယူဆောင်ရွက်ခဲ့သည်။

နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့ သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းတင်၊ မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များစုစုပေါင်း ၇၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# နွေသီးနှံစိုက်ပျိုးတောင်သူများအား မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစပြီး ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်း မြောင်းမကြီးနှင့် မြောက်မုန်း မြောင်းကြီးတို့မှ တစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေပေးသဖြင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာ ရရှိကာ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းများ အဆင်ပြေလျက်ရှိသည်။



ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ပွင့်ဖြူမြို့နယ်အတွင်း တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှ စတင်၍ တောင်သူများ နွေသီးနှံစိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးရေများ ဖြန့်ဝေရာတွင် စိုက်ပျိုးရေ ပို့လွှတ်မည့် ရေလက်တံမြောင်းများအတွင်း ရေမြိုက်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့မှုမဖြစ်စေရန်နှင့် နွေသီးနှံစိုက်ပျိုးလယ်မြေများ စိုက်ပျိုးရေမျှတစွာ ရရှိရေးအတွက် ကြိုတင်၍ ရေလက်တံမြောင်းများအား ရှင်းလင်းထားနိုင်ရေးအတွက် တောင်သူများကို အသိပေးနှိုးဆော်ထားကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး စိုက်ပျိုးဧက ၃၃၂၃၅ ဧက နှင့် နွေနှမ်းစိုက်ပျိုးဧက ၃၃၇၃၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**(ဝဲပုံ)**

**(၄၄၅)**

# ကုသိုလ်မျိုးစေ့ အထုံပါရမီနှင့် မရဏာနုဿတိ

ရေချမ်း(မန်း)

စာရေးသူသည် ရခိုင်ပြည်နယ် အစွန်အဖျားတောမြို့လေးမှ အခြေခံပညာအထက်တန်း(ယခု-အဆင့်မြင့်တန်း)ကို နှစ်နှစ် ခက်ခက်ခဲခဲကြိုးစားပြီးမှ အောင်မြင်ခဲ့သလို အစိုးရဝန်ထမ်းဘဝတွင် အရာရှိငယ်ဖြစ်အောင်လည်း နောက်ထပ် ခြောက်နှစ် ကြိုးစားခဲ့ရပြန်သည်။ လောကမှာ ဘာလုပ်ငန်းဖြစ်ဖြစ် ဆန္ဒ၊ ဝီရိယ၊ ဇွဲထားပြီး လုပ်ရင်လုပ်သလောက် အထိုက်အလျောက် အောင်မြင်မှုရသည်သာ။

တက္ကသိုလ်စတက်စဉ် အတွေးပေါ်လာ၍ မိမိမှတ်စုတွင် စာကြောင်းလေးတစ်ကြောင်းရေးထားခဲ့သည်။ ယင်းမှာ 'ကြိုးစားသူအဖို့ ပန်းတိုင်က စောင့်ကြိုနေမှာပါ'ဟူ၍ ဖြစ်သည်။ အဆိုပါစာသားကို တက္ကသိုလ်ဒုတိယနှစ်၌ ပြင်ပတွင် English Speaking သင်တန်းတက်စဉ် မိမိ၏ဆရာ အန်ကယ်လောရစ်(ကွယ်လွန်)ကို English လို ရေးပေးပါရန် အကူအညီတောင်းရာ သူက 'The Person, Who Tried Await A Successful Goal'ဟု ရေးသားပေးခဲ့ပါသည်။

ယခုရေးချင်သည်မှာ ဘာသာရေးနှင့်ဆက်နွှယ်သည့် ကိစ္စဖြစ်သည်။ စာရေးသူသည် ဝန်ထမ်းသက် ၃၀ နီးပါးတွင် လုပ်သက်ပင်စင်ယူခဲ့ပြီး ပြင်ပကုမ္ပဏီများတွင် ထပ်မံ၍ ၁၀ နှစ်ခန့် လခစားလုပ်ခဲ့ပြန်ရာ အသက်လည်း ၆၀ နီးခဲ့ပါသည်။ သို့ဖြင့် စိတ်ပြေလက်ပျောက် ကုသိုလ်အထုံ ပါကောင်းပါငြား ဒုလ္လဘ ရဟန်းဝတ်ခဲ့ပါသည်။ ဘယ်နှရက်နေမည် အဓိဋ္ဌာန်ထားခြင်း၊ ရည်ရွယ်ခြင်းမရှိပါသော်လည်း ၁၈ လခန့် ဝါတွင်းနှစ်ဝါကျော် ဝတ်ဖြစ်ခဲ့သည်။ ရဟန်းဝတ်စဉ် ဝိပဿနာကမ္မဋ္ဌာန်းနေ့စဉ်လို ရှုဖြစ်သည်။ ပရိတ်တော်များ ကျက်မှတ်ခြင်း၊ ပူဇော်ခြင်းလုပ်ဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သစ္စာတရားများနာခြင်း၊ မှတ်စုထုတ်ခြင်းလည်း လုပ်ဖြစ်ခဲ့သည်။ ပရဟိတအဖြစ် စာသင်ကျောင်းအချို့တွင် ကလေးများအတွက် စာအုပ်လှူဒါန်းခြင်း၊ ကလေးများအား ယဉ်ကျေးလိမ္မာဆုံးမစာများ ဟောပြောသင်ကြားခြင်းနှင့် ကလေးကဗျာများ သင်ပေးသည်တို့လည်း လုပ်ဖြစ်ခဲ့သည်။

ပရိတ်တော်များအား ကျက်မှတ်ခဲ့ရာတွင် ဂါထာ(၃)ပုဒ် အလွတ်ရခဲ့သည်။ ခုတော့ နေ့စဉ်မရွတ်ဖြစ်၍ မေ့တာလည်း မေ့ကုန်ပြီဖြစ်သည်။ မှတ်စုစာအုပ်ငယ်များဖြင့် အနိစ္စလက္ခဏာ (၁၀)ပါး၊ ဒုက္ခလက္ခဏာ(၂၅)ပါး၊ အနတ္တလက္ခဏာ(၅)ပါး၊ ပေါင်းဘာဝနာ(၄၀)ကိုလည်း ရေးကူးဖြစ်သလို ကျက်လည်း ကျက်၊ ဆင်ခြင်လည်း ဆင်ခြင်ခဲ့သည်။ သို့သော် ယခုတိုင်ကား အလွတ်မရသေးပါ။ ဂါထာ(၃)ပုဒ် အလွတ်ကျက်ခဲ့ရာတွင် တစ်ပုဒ်က- ဂေါတမမြတ်စွာဘုရား သာသနာတော်အတွင်းက ဥတ္တိယမထေရ် ဥဒါန်းကျူးရွတ်ဆိုခဲ့သည့် ဂါထာဖြစ်သည်။ ယင်းပါဠိမှာ- '**အာဗာဓေ မေ သမုပ္ပန္နေ၊**

**သတိ မေ ဥဒပဇ္ဇထ။**

**အာဗာဓော မေ သမုပ္ပန္နော၊**

**ကာလော မေ နပ္ပမဇ္ဇိတုံ။** ။ဟူ၍ဖြစ်သည်။ အနက်အဓိပ္ပာယ် အကျဉ်းမှာ 'ငါ့မှာ မကျန်းမာမှု ရောဂါဝေဒနာရှိလာနိုင်သည်။ အကယ်၍ ဖြစ်လာရင် ဒီရောဂါဝေဒနာနဲ့ သေနိုင်သည်။ ဒါကြောင့် တရားဘာဝနာရှုမှတ်မှု မလုပ်ဘဲ မေ့မေ့လျော့လျော့ နေလို့ မဖြစ်ဘူး။ အမှန်တော့ မမေ့မလျော့ဘဲ မပြတ်ရှုမှတ်ပွားများနေသင့်တယ်လို့ နှလုံးသွင်းဆင်ခြင် သတိရနေခြင်း'ဟု ဖြစ်ပါတယ်။

နောက်တစ်ပုဒ်ကတော့-

'**ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊**

**ဒုက္ခ သမုဒယံ ပိသော ပဿတိ။**

**ဒုက္ခ နိရောဓမ္ပိ ပဿတိ၊**

**ဒုက္ခနိရောဓ ဂါမိနိ ပဋိပ္ပဒမ္ပိပဿတိ။** ။

ယင်းမှာ ခန္ဓာရသည့် ဒုက္ခ၊ ဆင်းရဲကို သိခြင်း၊ ဒုက္ခဖြစ်ကြောင်း သမုဒယ(တဏှာ)ကို သိခြင်း၊ ဒုက္ခချုပ်ရာ နိရောဓ (အငြိမ်းဓာတ်နိဗ္ဗာန်ကို သိခြင်းနှင့် ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်မဂ္ဂင်ကို သိခြင်းစသည့် သစ္စာလေးချက်ကို သိရှုပွားမှုပင်ဖြစ်သည်။ ယခုမှု စာရေးသူလက်ထဲတွင် မဟာ သတိပဋ္ဌာန်သုတ်(ပါဠိ၊ အသံထွက်၊ အနက်)စာအုပ်ရှိနေရာ အခါအားလျော်စွာ ပူဇော်ရင်း ယင်းစာအုပ် စာမျက်နှာ-၆၇၊ ဓမ္မာ နုပဿနာ၊ သစ္စပဗ္ဗတွင် ဤပါဠိတော်နှင့်ဆင်သည့် စာပိုဒ်ကို ဖတ်ရှုရပြန်ရာ အနက်အဓိပ္ပာယ်ပါ ဖော်ပြပါမည်-

'**ဣဒံ ဒုက္ခ'န္တိ ယထာဘူတံ ပဇာနာတိ၊**

'**အယံ ဒုက္ခသမုဒယောတိ' ယထာဘူတံ ပဇာနာတိ၊**

'**အယံ ဒုက္ခနိရောဓော'တိ ယထာဘူတံ ပဇာနာတိ၊**

'**အယံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ'တိ**

**ယထာဘူတံ ပဇာနာတိ။**

အနက်အဓိပ္ပာယ်မှာ 'ဖြစ်ပျက်နေသော ဤတရားသည် ဆင်းရဲပင်ပန်းတည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း သိ၏။

- တပ်မက်သာယာသော ဤတဏှာသည် ဆင်းရဲဖြစ်ပေါ်ကြောင်းပင်တည်းဟူ၍ ဟုတ်မှန်သည့်အတိုင်းသိ၏။

-ဖြစ်ပျက်မှုကင်းသော ဤနိဗ္ဗာန်တရားသည် ဆင်းရဲ၏၊ ချုပ်ငြိမ်းရာပင်တည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း သိ၏။

-အထူးသိမြင်သော ဤမဂ္ဂင်တရားအပေါင်းသည် ဆင်းရဲချုပ်ငြိမ်းရာသို့ ဆိုက်ရောက်သွားသော အကျင့်ပင်တည်းဟူ၍ ဟုတ်မှန်သည့်အတိုင်း သိ၏။

အထက်ပါ ပါဠိတော်နှင့်အနက်တို့သည် လူဖြစ်လာခိုက် လူ့ဘဝအဖြစ် ဆင်းရဲနှင့် အပါယ်ဒုက္ခဘေးတို့မှ လွတ်ရာကို ကျင့်ဖို့ရန် မောင်းနှင်အားဖြစ်စေမည့် ချမ်းသာအစစ်ကို တန်ဖိုးထားရယူဖို့ရန် ဘာဝနာအလုပ်ကို လုပ်ဖို့ရန် တွန်းအားပေးနှိုးဆော်သည့် တရားစာများပင် ဖြစ်တော့သည်။

အထက်ပါ တရားသံဝေဂဖြစ်စေမည့် မိမိကိုယ်မိမိ သတိပေး၊ မောင်းနှင်စေသည့် ဓမ္မစာစုတို့နှင့်ဆက်စပ်ရင်း စာရေးသူသည် မဟာသတိပဋ္ဌာနသုတ်ကို ပူဇော်ပွားများ ဆင်ခြင်ရင်းက အဆိုပါ ပရိတ်တော်စာအုပ်၏ အစပထမ စာမျက်နှာတွင် 'နေ့စဉ်ပွားများ မရဏာဿတိ ဂါထာများဟူ၍ ဂါထာ(၄)ပုဒ်ကို သွားဖတ်ကြည့်မိသည်။ ယခုနေ့စဉ်ပင် ဆင်ခြင်နေပါသည်။ ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ် ဘယ်သူမဆို သေခြင်းတရားနှင့် ချိန်းချက်ထားခြင်းမရှိပါ၍ သူခေါ်ချိန်တွင် ခေါ်မည်သာဖြစ်ရာ အသိရှိသူအဖို့ ပြင်ဆင်ထားဖို့ရာသည် ပဓာနပင် မဟုတ်ပါလား။ စာရေးသူသည် ခြောက်လသားအရွယ်လေး အလန့်လွန်ရာမှ သေခြင်း၊ ငှက်ဖျားပိုး ဦးနှောက်ထဲ ရောက်၍ သေရခြင်း၊ ရေနစ်၍ ပုပ်ပွပြီး သေရခြင်း၊ အစာငတ်ရေငတ်ဖြစ်ကာ တောထဲ မျက်စိလည်လမ်းမှားပြီး အားပြတ်ခွေလဲကာ အခြောက်သေ သေနေခြင်း၊ ဆီလည်းခန်း၊ မီးစာလည်း ကုန်၍ (ကံ၊ သက်တမ်း)ကုန်၍ အရွယ်မျိုးမျိုးသေခြင်း၊ မတော်တဆ ထိခိုက်၊ တိုက်ခိုက်မိ၍ သေရခြင်း စသည့် သေခြင်းအမျိုးမျိုး ရှိခဲ့ကြသူတွေကို တွေ့ခဲ့ကြုံခဲ့ဖူးပြီဖြစ်ရာ မိမိကိုယ်မိမိလည်း ငါဘယ်လိုပုံစံများ သေမည်လဲ ကြိုတင်စဉ်းစားနေမိပါသည်။

ယခုရေးသားမည့် မရဏာနုဿတိဂါထာ အနက်များသည် နေ့စဉ်ဆင်ခြင်ဖြစ်ပါက အားကိုးရာတရားအစစ်ကို လက်ဝယ်ရရှိထားဖို့ရာ အားထုတ်ကြိုးစားချင်စိတ်၊ စာဖတ်သူတို့ဝယ် ဝီရိယလုံ့လ ရှိခဲ့ပါက ရှိစေချင်ပါ၍ နှိုးဆော်ရေးသားရခြင်းဖြစ်ပါသည်။ စာရှည်မည်စိုးပါ၍ ပထမတစ်ပိုဒ်သာ ပါဠိ၊ အနက်ဖော်ပြပြီး ကျန်(၃)ပိုဒ်အား အနက်အဓိပ္ပာယ်များသာ ရေးသားလိုက်ပါမည်။

ပထမဂါထာမှာ- **သဗ္ဗေ သတ္တာ ပရိဿန္တိ၊**

**မရဏန္တံ ဟိ ဇီဝိတံ။**

**အဟာမ္ပေဝံ မရဿာမိ၊**

**မရဏံ မေ ဘဝိဿတိ။**

**တသ္မာ ခိပ္ပံ ကရေကိစ္စံ၊**

**ပစ္ဆုရာဇေ အနာဂတေ။**

အဓိပ္ပာယ်ကား 'သတ္တဝါအားလုံးတို့သည် သေကြရကုန်လတ္တံ့၊ သတ္တဝါတို့၏အသက်သည် သေခြင်းလျှင် အဆုံးရှိသည်သာတည်း။ ဤအလုံးစုံသော သတ္တဝါတို့နည်းတူ ငါသည်လည်း သေရလိမ့်မည်။ ငါ့အား သေခြင်းသည် ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါသည် သေမင်း မဆိုက်ရောက်လာမီ ပြုဖွယ်ကိစ္စကို လျင်မြန်စွာ ပြုပေအံ့။

ဒုတိယဂါထာကား 'အဇ္ဇေဝကိစ္စ ကာတဗ္ဗံ'အစချီ လေးကြောင်းဂါထာဖြစ်သည်။ ဂါထာနှင့် အနက်တို့ကို ဦးမော်လူး စီစဉ်ရေးသားသည့် 'မဟာသတိပဋ္ဌာန်သုတ်'ဝတ်ရွတ်စဉ်စာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။ ဤဂါထာသည် စာရေးသူရှေ့တွင် ဖော်ပြခဲ့သည့် အလွတ်ကျက်သားခဲ့သည့် ဥတ္တိယမထေရ် ဥဒါန်းကျူးရင့်သည့် ဂါထာအဓိပ္ပာယ်နှင့် ဆင်တူပါသည်။

ဂါထာအဓိပ္ပာယ်မှာကား -

'**ယနေ့ပင်လျှင် ပြုဖွယ်ကိစ္စကို ပြုအပ်၏။ နက်ဖြန် သေရမည်ကို အဘယ်သူသည် သိနိုင်အံ့နည်း။ အနာမျိုး ကိုးဆယ့်ခြောက်ပါး စသောအားဖြင့် များပြားသော စစ်သည်ရှိသော ထိုသေမင်းနှင့် တိုင်ပင်ချိန်းချက်ခြင်းသည် မရှိသည်သာလျှင်တည်း**' ဟူ၍ ဖြစ်ပါသည်။ စာဖတ်သူတို့ ဆင်ခြင်သတိသံဝေဂ ယူနိုင်ကြပါသည်။

တတိယဂါထာမှာကား စာဖတ်သူအများကြားဖူးကြသူများပါသည်။ အားလုံးသော လူတို့သည် မသိခြင်း ငါးမျိုးဖြင့် နေထိုင်နေကြရခြင်းကို ပြဆိုခြင်းပါ။ ယင်းမှာ- '**ဇီဝိတံ ဗျာဓိ ကာလောစ**' အစချီ ဂါထာဖြစ်ပြီး အဓိပ္ပာယ်မှာ -

'**ဘယ်အသက်အရွယ်၌ သေရမည်ကိုလည်းကောင်း၊**

**ဘယ်ရောဂါ၊ ဘယ်အနာဖြင့် သေရမည်ကိုလည်းကောင်း၊**

**ဘယ်အချိန်၊ ဘယ်ကာလ၌ သေရမည်ကိုလည်းကောင်း၊**

**ဘယ်သုသာန်၌ မြှုပ်နှံရမည်ကိုလည်းကောင်း၊**

**သေပြီးနောက် ဘယ်ဘုံ၊ဘယ်ဌာနသို့ ရောက်ရမည်ကိုလည်းကောင်း ဤငါးမျိုးတို့ကို သက်ရှိလောက၌ ကြိုတင်၍ အမှတ်အသား ပြုမထားနိုင်ကုန်၊ သိလည်း မသိရှိနိုင်ကြကုန်**'ဟူ၍ ဖြစ်ပါသည်။

စတုတ္ထ မရဏာဿတိဂါထာမှာကား လူ့လောက၌ စားဝတ်နေရေးအတွက် နေ့စဉ်လုပ်ကြရရင်း သေရမည်ကို မေ့ကောင်းမေ့နေနိုင်ပါ၍ သတိပေးသည့် သံဝေဂဂါထာပင် ဖြစ်သည်။ ဂါထာကို '**အန္တောဝဿ သတံ သဗ္ဗေ**'ဖြင့် အစပြုထားပါသည်။ ဂါထာအဓိပ္ပာယ်မှာကား-

'**လူ့လောက၌ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးအတွက် နေ့စဉ်အလုပ်ကို ရှာမှီးလုပ်ကိုင်နေကြရသော ရဟန်း ရှင်လူ ခပ်သိမ်းသူတို့သည် အနှစ်တစ်ရာအတွင်း၌ စင်စစ်ကေန် သေခြင်းသို့ ရောက်ကုန်လတ္တံ့၊ မှန်၏။ ရှေးကံအရ ဖြစ်ကြရသူ အများလူတို့၏ သေပျောက်ရခြင်းသည်**' အမြဲပင် ဖြစ်၏။

လူအချို့ အချို့ကား အသုဘတွေ့လျှင် အမင်္ဂလာဟု ထင်ကြသည်။ ကိုယ်ကိုယ်တိုင် သေမင်းနယ်သို့ နေ့စဉ် ချဉ်းကပ်နေသည်ကို သတိမထားမိ။ တစ်ရက်ကုန်သွားခြင်းသည် သေဖို့တစ်ရက်နီးသွားခြင်းပင်။ စာရေးသူသည် လွန်ခဲ့သည့် ၄၃ နှစ်က ရန်ကုန်မြို့၊ အာဇာနည်ဗိမာန်ကုန်းတော်သို့ရောက်ခဲ့ရာ အဝင်ဝ သံတံခါးတွင် ရေသားသည့် စာသားကား '**မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ**'ဟု ဖြစ်သည်။ အဓိပ္ပာယ်မှာ '**ငါ၏ သေခြင်းသာ မြဲလျက်၊ ငါ၏ သေခြင်းကား မမြဲရေ**'ဟူ၍ ဖြစ်သည်။

သေခြင်းတရားကို တွေးကြောက်နေဖို့ ဆိုလိုရင်း မဟုတ်ပါ။ ဇာတိရလာလျှင် ဗျာဓိ၊ ဇရာက ရမည်၊ ပြီး မရဏ လာကိုလာမည်။ ကိုယ်ကိုယ်တိုင် မလွဲမသွေ သွားရမည့် လမ်းကို ရင်ဆိုင်နိုင်ဖို့ အသေကောင်းရန် အာမခံကောင်း လက်မှတ်ရရေးကို မသေမီ ကြိုတင်ဆောင်ရွက်ထားစေလိုခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးတစ်ပါး မိန့်မှာသည့် လူတိုင်း နေ့စဉ် ဘာဝနာလေးခု လက်ကိုင်ပြုရမည့် လေးမျိုးကို ဖော်ပြရင်း နိဂုံးချုပ်ပါရစေ။ ယင်းတွင်လည်း မရဏာနုဿတိ ပါသည်။ ယင်းလေးမျိုးမှာ- **ဗုဒ္ဓါ နုဿတိဘာဝနာ**

**မေတ္တာဘာဝနာ**

**အသုဘဘာဝနာ**

**မရဏ နုဿတိဘာဝနာ** တို့ပင် ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ သွားရင်း၊ လာရင်း၊ စားရင်း၊ အိပ်ရင်း၊ အလုပ်လုပ်ရင်း အခိုက်အတန့်လေးတွေမှာ တစ်ခဏပဲဖြစ်ဖြစ် ပွားများဆင်ခြင်၍ မိမိမလွဲမသွေ တွေ့ကြုံရမည့် ဘေးအတွက် ကြိုတင်ပြင်ဆင်နိုင်ကြပါစေ။

**မှီငြမ်း ။** ။ **ဦးမော်လူး စီစဉ်ရေးသားသည့် မဟာသတိပဋ္ဌာန်သုတ်။**

# စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - လယ်တီမဟာသရဏဂုံတော် |
| စာရေးသူ | - တက္ကသိုလ်တေဇာလင်း |
| ထုတ်ဝေသည့်စာပေတိုက် | - အရဟံဖောင်ဒေးရှင်းစာစဉ် |
| တန်ဖိုး | - ၂၀၀၀၀ ကျပ် |
| စာမျက်နှာ | - ၅၄၈ မျက်နှာ |
| ထုတ်ဝေသည့် ကာလ | - ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ |




အရဟံ ဖောင်ဒေးရှင်း၏ သာသနာပြုလုပ်ငန်းစဉ် အမှတ် (၁)၊ အရဟံသာသနပြုမှုကောလိပ်၏ 'လယ်တီမဟာသရဏဂုံတော်' သင်တန်းပို့ချချက်များ ဖြစ်သည်။

စာအုပ်တွင် သရဏဂုံအကျိုး၊ ဥပါသကာမည်ပုံ၊ မဟာသရဏဂုံ၊ လယ်တီမဟာသရဏဂုံတော် ဖွင့်ဆိုကြည်ညိုခြင်း၊ သစ္စာဝဏ္ဏနာ ပဏာမ၊ မဂ္ဂသစ္စာ၊ အာယတန ဝဏ္ဏနာပဏာမ၊ ဓာတုဝဏ္ဏနာပဏာမ၊ ပဋိစ္စသမုပ္ပါဒ် ဝဏ္ဏနာပဏာမ၊ သမုဒယသစ္စ ဝဏ္ဏနာ၊ သောတာပတ္တိမဂ္ဂပဟာန၊ အနာဂါမိမဂ္ဂပဟာနအနာဂါမ်၊ အရဟတ္တ မဂ္ဂပဟာန၊ ရူပါရူပဘဝပဟာန၊ ယောဂပဟာန၊ ဥပါဒါနပဟာန၊ နိရောဓသစ္စ ဝဏ္ဏနာပဏာမ၊ ဝိသုဒ္ဓိ ခုနစ်ပါး၊ ဉာဏ်စဉ် ၁၆ ပါး၊ ဝိပဿနာဉာဏ်ထေယ်ဖြာ၊ အနုလောမဉာဏ ဒဿန ဝိသုဒ္ဓိဘာဝနာ၊ ဗောဓိပက္ခိ ယဝဏ္ဏနာ ပဏာမ၊ လောကုတ္တရာဉာဏ ဒဿန ဝိသုဒ္ဓိဘာဝနာ၊ နိဗ္ဗာန ဝဏ္ဏနာ ပဏာမ၊ ဆုတောင်းမေတ္တာပို့ အစရှိသည်တို့ ပါရှိပြီး အဆိုပါစာအုပ်ကို ကိုလတ်စာပေမှ တစ်နိုင်ငံလုံး ဖြန့်ချိသည်။

မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - အညာမြေက စာပဒေသာ |
| စာရေးသူ | - ဉာဏ်မျိုးထက် |
| ထုတ်ဝေသည့်စာပေတိုက် | - လင်းသန့်စာပေ |
| တန်ဖိုး | - ၁၀၀၀၀ ကျပ် |
| စာမျက်နှာ | - ၁၄၈ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ |

ဆရာနေမျိုး၏ အမှာစာနှင့် ထွက်ရှိလာပြီး ဝတ္ထုတို၊ ကဗျာ၊ အက်ဆေး၊ ဆောင်းပါး အစုံ စုစည်းထားသည့် စာအုပ်ဖြစ်သည်။ အပုဒ်ရေ ၁၇ပုဒ်ပါရှိကာ သနပ်ခါး ရေကျဲ ပါးမှာလိမ်းတယ်၊ အမေပု၊ ကျွန်တော့်နာမည် စိန်ဘကိုး၊ ဘုရားကုန်းက မအောင်သန်းကြည်၊ ကိုညိုကြီး ထန်းတောထဲမှာပဲ နေတယ်၊ ကုလားရှင်၊ ကောက်ရိုးနွယ်တွေ ပေါပြီအဖေ၊ အမေပြောပြတဲ့ တောင်သာမြေ၊ အဆင်သင့်ဖြစ်ပါစေ၊ မောင်ထူး မထူးတော့ပါ၊ နေမျိုးသီရိမဇ္ဈသဒ္ဒရွှေတောင်ဘွဲ့ရ မဟာစင်တော်ကြီးဆရာပု၊ ဝါဆိုမိုးနဲ့အပြိုင်၊ ကယ်တင်ကြပါ မြစ်ဧရာ စောင့်ရှောက်ကြပါ မြစ်ဧရာ၊ ခေါင်းလောင်းသံတွေ ချိုလွင်ပါစေ၊ ဘဝနေမဝင်ခင်၊ သစ္စာရိပ်မွန်လမ်းမှာ မေတ္တာစိတ်လွှမ်းကာဖြင့်၊ ကျောင်းကြီးရယ်တဲ့ အို....အို တို့ ဖြစ်သည်။

ဆရာ ဉာဏ်မျိုးထက်၏ စာပေလက်ရာများမှာ ကျေးလက်ရနံ့သင်းနေပြီး ကျေးလက်ကို ချစ်ခင်မြတ်နိုးလာစေပြီး ကျေးလက်နေသူတို့၏ ဘဝကို စာနာနားလည်စေမည် ဖြစ်သည်။ အညာဒေသကို တမ်းတလွမ်းတတ်သူများ သဘောကျစေမည့် စာအုပ်ဖြစ်ရာ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ငြိမ်းချမ်းရေးခြေလှမ်းများ

* ခြေလှမ်းတိုင်းမှာ
ပို့မေတ္တာ
ချမ်းသာကိုယ်စိတ်မြဲပါစေ ။

* ခြေလှမ်းတိုင်းမှာ
ကရုဏာ
ပြည်ရွာအေးချမ်းကျန်းမာစေ ။

* ခြေလှမ်းတိုင်းမှာ
မုဒိတာ
သူ၊ ငါ ကြီးပွားဝမ်းသာစေ ။

* ခြေလှမ်းတိုင်းမှာ
ဥပေက္ခာ
ကြုံလာရန်ဘေးဝေးကြဉ်စေ ။

* ခြေလှမ်းတိုင်းမှာ
ဦးတည်ရာ
ကမ္ဘာစစ်ဘေး ကင်းရာမြေ ။ ။

ခင်မျိုးမြင့်ရွှေ(စိတ်ပညာ)



## ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇**

ပြင်ဦးလွင်မြို့နယ်သည် ခရီးသွားမြို့တော်တစ်ခုဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်လည်ပတ်သူ ပြည်သူများဖြင့် စည်ကားသည့်မြို့ဖြစ်ရာ ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်သူများ အန္တရာယ်ကင်းဝေးစွာဖြင့် သွားလာလည်ပတ်နိုင်စေရန်၊ ယာဉ်မတော်တဆမှုများ ကြုံတွေ့လာပါက တတ်ကျွမ်းနားလည်စွာဖြင့် ရှေးဦးသူနာပြုစုနည်းများကို အသုံးချကာ အသက်ကယ်ရန်(Preserve Life)၊ ထပ်မံ၍ ထိခိုက်ဒဏ်ရာမရစေရန် (Prevent Further Injury)၊ လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာစေရန် (Promote Recovery)နှင့် မိမိကိုယ်ကိုယ်ကာကွယ်နိုင်ရန်(Protect Yourself) ရည်ရွယ်၍ ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူး၍ လူမှုကူညီရေးအသင်းအဖွဲ့များမှ အသင်းသား၊ အသင်းသူများနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၂၅ ဦးအား ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် ပြင်ဦးလွင်လူမှုကူညီရေးအသင်း၊ သန္တိသုခလူမှုကူညီရေးအသင်း အပါအဝင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး၊ ကျေးရွာအသီးသီးမှ လူနာတင်ယာဉ်အသီးသီးဖြင့် လူမှုကူညီရေးများ ဆောင်ရွက်ပေးနေသော အသင်းအဖွဲ့များမှ အသင်းဝင်များ၊ စေတနာရှင် Volunteer များ၊ ပြင်ဦးလွင်မြို့ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများအား ရှေးဦးသူနာပြုစုနည်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းမှ ထူးချွန်ကြက်ခြေနီနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**




## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာကြီး၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က ယာဉ်မတော်တဆဖြစ်သဖြင့် မန္တလေးအရိုးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူခဲ့သော ဘူမိဗေဒဌာနမှ ကန်တော့ခံဆရာကြီး ဦးအောင်မောင်းထံသို့လည်းကောင်း၊ အူကျရောဂါဖြင့် ရွှေဘိုဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့သော ခင်ဦးမြို့နေ ကထိက(ငြိမ်း)ဆရာကြီး ဦးလှမြင့်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကန်တော့ငွေကျပ် ငါးသိန်းစီအား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်းကာ အားပေးစကားများ ပြောကြားခဲ့သည်။ **(အောက်ဝဲပုံ)**



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ နာမကျန်းသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၃၇၆ ဦးအား ငွေကျပ် ၇၅၅ သိန်းထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(ဝ၄၅)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၀၇)၊ ဦးပိုင်အမှတ်(၃-ဏ)၊ မြေဧရိယာ (၀ ဒသမ ၁၃၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁) အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဥမ္မာကျော်(ဘ)ဦးကျော်လှ(၉/မရတ(နိုင်)၀၁၀၇၆၆)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ကိုလတ် (LL.B) ဒေါ်ဝါဝါကို (LL.B) ဦးအောင်ခိုင်ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ကျန်တန်း-တိုးချဲ့(၂)ရပ်၊ ကွင်းအမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(D-၉၅)၏ တောင်ဘက်အစိတ်အပိုင်း၊ အရှေ့-အနောက် (ပေ ၆၀)၊ တောင်-မြောက် (ပေ ၂၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဦးဇော်ထွန်း (၉/အမရ(နိုင်)၂၀၈၁၆၁)၊ ဒေါ်ဇာဇာသိန်း(၁၃/နခတ(နိုင်)၁၁၄၁၈၆)၊ ဒေါ်ဆောင်းသဇင်(၁/မကတ(နိုင်)၁၁၆၄၀၆)တို့က ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဝင်းမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မင်း (B.Sc(Chem;) , Dip in Business Law , H.G.P)**

**အထက်တန်းရှေ့နေ (စဉ်-၂၀၀၅၁)**

**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၃လမ်း၊ ၁၇လမ်းနှင့်၁၈လမ်းကြားနေ ဒေါ်ဝေဝေလွင်(ဘ)ဦးကျော်လွင်(၉/အမဇ(နိုင်)၀၆၈၅၈၇)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ပုသိမ်ကြီးမြို့၊ မဲကင်းကုန်းကျေးရွာနေ ဦးဇော်ဇော်အောင်(ဘ)ဦးဖားကြီး(၅/ဘတလ(နိုင်)၀၅၅၈၃၇)နှင့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၃လမ်း၊ ၁၇လမ်းနှင့်၁၈လမ်းကြားနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေလွင်(ဘ)ဦးကျော်လွင်(၉/အမဇ(နိုင်)၀၆၈၅၈၇)တို့သည် (၁၇-၇-၂၀၁၇)ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားဖြစ်သူ မောင်ဟိန်းခန့်ဇော်(၈)နှစ်၊ မောင်ပြည့်ဘုန်းထက်(၄)နှစ်တို့ သား(၂)ဦးကို မွေးဖွားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေလွင်(၉/အမဇ(နိုင်)၀၆၈၅၈၇)သည် ယနေ့အချိန်ထိတိုင်အောင် ဦးဇော်ဇော်အောင် နှင့် တရားဝင်အကြင်လင်မယားအဖြစ် အတူပေါင်းသင်းနေထိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေလွင်သာလျှင် ဦးဇော်ဇော်အောင်၏ တစ်ဦးတည်းသော တရားဝင်ဇနီး ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးရဲကျော်သူ(LL.B) ဦးငြိမ်းချမ်းကျော်(LL.B) ဦးစည်သူမြင့်(LL.M)**

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**

**ဘူးကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၄၄၅၃၉၇၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၄)၊ ဦးပိုင်အမှတ်(၂-စ/၁)၊ ဧရိယာ (၀ ဒသမ ၀၈၉၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဗိုလ်မှူးကျော်စိုးလှ(၁၂/လမန(နိုင်)၀၄၅၃၄၈၊ EMDY-၃၁၈၁၈၂)(ဘ) ဦးလှမောင် အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အမည်ပေါက်သူ ဗိုလ်မှူးကျော်စိုးလှ(ငြိမ်း)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါက်တာဦးကျော်ဝင်း(မန်နေးဂျင်းဒါရိုက်တာ)၊ 'မန်းမြေရာဇာ'ကုမ္ပဏီလီမိတက်**

**တိုက်၊ ခြံ၊ အိမ်၊ မြေရောင်းဝယ်ရေးနှင့် မြေအကျိုးတော်ဆောင်လုပ်ငန်း**

**အမှတ်(၅၆)၊ ၇၂လမ်း၊ ၂၈လမ်းနှင့်၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၇၁၇၄၈၂၃၇၊ ၀၉-၄၀၀၄၆၅၇၆၄၊ ၀၉-၇၇၇၅၅၅၄၁၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်အမှတ်(၁၁၅-ခ)၊ ဧရိယာ (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ကျွန်ုပ်အမှုသည် ဒေါ်ခင်ညိုညိုလွင်၏ မိခင်ဖြစ်သူ ဒေါ်တောခင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။

မိခင်ဖြစ်သူ ဒေါ်တောခင် မကွယ်လွန်မီက အိမ်နီးချင်းဖြစ်သည့် ဒေါ်ကြင်သန်း(ဘ)ဦးတင်ခွေး ထံ ပေးအပ်ထားရှိခဲ့သော အဖိုးတန်စာရွက်စာတမ်းဖြစ်သည့် မြေစလစ်မူရင်းအား ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ဆက်သွယ်၍ အမြန်ဆုံး ပြန်လည်ပေးအပ်စေလိုပါသည်။

အကယ်၍ လူကြီးမင်းမှ ကျွန်ုပ်၏အမှုသည် မိခင်အမည်ဖြင့် ရရှိထားခဲ့သော မြေစလစ်မူရင်းအား ပြန်လည်ပေးအပ်ရန် ငြင်းဆန်နေပါက တည်ဆဲတရားဥပဒေနှင့်အညီ အမှုအခင်း မဖြစ်လိုသည့် ဆန္ဒရှိသော်လည်း မလွှဲမရှောင်သာ ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ညိုညိုလွင်၏ လွှဲအပ်ချက်အရ-**

**ဒေါ်သီတာခိုင် (LL.B,D.B.L)**

**အထက်တန်းရှေ့နေ**

**အကွက်အမှတ်(ညည-၄၆/၄)၊ ၅၅လမ်း၊ မင်းကြီးရန်နောင်လမ်းနှင့်မင်းရဲကျော်စွာလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၅၁၇၆၆၁၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးရာမူဟာမတ်(ခ)ဦးယာမူဟာမက် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရန်ပျော့(ခ) ဒေါ်လီလီမေ(ဘ)ဦးဆင်ဖူး(၁၃/လရန(နိုင်)၀၀၂၄၆၁)[၎င်း၏ကိုယ်စား ဒေါ်ဝမ်ရွှမ်းဖုံး(ဘ)ဦးဝမ်ရှန်ချမ်း(၁၃/လရန(နိုင်)၁၀၇၅၁၄)] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ ကံတော်ရပ်၊ အကွက်အမှတ်(၅၉၉/၂)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ (၀ ဒသမ ၀၅) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ၊ ရေ၊ မီးအစုံနှင့် ဝင်းခြံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်နီနီဝင်း(ဘ)ဦးညွန့်မောင်(၉/အမရ(နိုင်)၀၄၈၃၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးထွန်းအောင်ကျော်(LL.B,D.B.L) ဦးရန်အောင်မိုး(LL.B,D.I.L)**

**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(၅၇)၊ စစ်ကိုင်း-မန္တလေးလမ်း၊ အိုးတော်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၈၉၂၉၁၃၀၊ ၀၉-၇၈၈၆၂၀၂၄၆**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၃/၁)၊ ဦးပိုင်အမှတ်(၆)ခဲစင်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၆၆လမ်းနှင့် ၆၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးဖုန်းမြင့်၊ ဒေါ်ခင်မြင့်တို့ (၂)ဦးအနက် ဒေါ်ခင်မြင့်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၆၇၄/၂၀၀၄)ဖြင့် လက်ခံခဲ့သူ ဦးဖုန်းမြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၈၆/၂၀၁၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခမ်းဆီထံမှအရောင်းအဝယ်စာချုပ်အမှတ်(၁၇၆၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ငြိမ်း(၅/မရန(နိုင်)၀၀၃၀၁၀)က အမှုတွဲအမှတ်(၅၁၅၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၉)၊ ဦးပိုင်အမှတ်(၂-ဋ)၊ မြေကွက်ပေါ်တွင် ဒေါ်လွင်လွင်မေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဆလက(နိုင်)၀၉၁၃၂၈)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ထထ-၁၀)၊ ဦးပိုင်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးစိန်သောင်း(ဘ)ဦးအောင်မြင့်(၉/မနတ(နိုင်)၀၈၁၂၂၁)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ(၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်သည်ဟု အဆိုပြုသူဖြစ်သူ ဒေါ်သန်းဝင်းရီ(ဘ)ဦးမြသောင်း(၈/ရစက(နိုင်)၂၃၅၁၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဆွေဆွေသင်း(LL.B) တရားလွှတ်တော်ရှေ့နေ**

**ညည-၅၃/၃၆၊ ၅၃(B)လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၂၅၃၁၁၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၆)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၅) အကျယ်အဝန်းရှိ ဒေါ်တင်တင်လှိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ အလယ်ခြမ်း (ပေ ၂၀ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြူသဲနု(ဘ)ဦးတင်ညိမ်း(၉/မတရ(နိုင်)၁၉၂၉၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်နံပါတ်(၇၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၆၇)ဧက၊ ပေ(၄၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ခင်စိန်ညွန့် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဇော်အောင်(ဘ)ဦးမန်းမောင်(၅/စကန(နိုင်)၂၁၂၇၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၃)၊ ဦးပိုင်နံပါတ်(၅၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးလှကို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးခြမ်း (၂၃ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကုရွှေဌေး(ဘ)ဦးခင်မောင်သန်း(၉/ပကခ(နိုင်)၀၁၃၇၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်နံပါတ်(၁၁၅-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်သန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီနီဝင်း(ဘ)ဦးအောင်ငွေ(၉/ပကခ(နိုင်)၀၁၁၆၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်နံပါတ်(၄၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးဝင်းမောင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မာလာခိုင်(ဘ)ဦးသိန်းလွင်(၉/ညဥန(နိုင်)၁၃၅၇၉၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၆)၊ ဦးပိုင်နံပါတ်(၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးဘရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်အစွန်ဆုံးခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မြင့်စန်း(ဘ)ဦးအာသမာဆိန်(၅/ဟမလ(နိုင်)၀၂၀၁၉၉) [၄င်း၏ကိုယ်စား ဒေါ်ဝင်းမာသွယ်(ဘ)ဦးချိုပြုံး(၉/ခအဇ(နိုင်)၀၀၂၅၉၇)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဦးကြည်ယံ (LL.M)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမှိုမှိုထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၁)၊ ဦးပိုင်နံပါတ်(၂၆-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ ပေ(၃၀ × ၄၅) အကျယ်အဝန်းရှိ ဦးသီလှ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်မောင်ထွေး(ဘ)ဦးတင်ထွေး(၁၃/ကတန(နိုင်)၀၀၂၅၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၆)၊ ဦးပိုင်နံပါတ်(၃၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀၉)ဧက အကျယ်အဝန်းရှိ ဒေါ်တင်ရီနှင့် ဒေါ်ခင်စိုးမိုးတို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ဆန်းဦး(ဘ)ဦးသောကြာ(၈/ခမန(နိုင်)၁၁၉၈၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေများ အပြေအကြေပေးချေကာ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက် ရောင်းချ-ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လိုအပ်သည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များ ရှိရန်လို. . .

❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို. . .

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မန်းရွှေစက်တော်ရာဘုရားကြီးတွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း တည်းခိုဆောင်အခန်းများပြည့်သည်အထိ ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့

မင်းဘူး ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားကြီးတွင် ယနေ့ထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားပြည်သူပေါင်း ၃၀၀၀၀ ခန့် လာရောက်ခဲ့ပြီး တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ စည်ကားခဲ့ကြောင်း မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးကို နှစ်စဉ်ပုံမှန်ကျင်းပမြဲဖြစ်သော တပို့တွဲလဆန်း ၅ ရက်မှစပြီး မြန်မာနှစ်ဆန်း ၁ ရက်အထိ (၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ) ရက်ပေါင်း ၈၆ ရက်ကြာ ကျင်းပလျက်ရှိကြောင်း၊ ပွဲတော်ကာလ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်ရှည်များအပါအဝင် ယခုလ ၁၆ ရက်အထိ ဘုရားဖူးပြည်သူ ၃၀၀၀၀ ခန့် လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားဖူးပြည်သူများအား တည်းခိုဆောင်များတွင် စိတ်အေးချမ်းသာစွာ တည်းခိုနားနေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားကားများအပြင် ကိုယ်ပိုင်ကားများဖြင့်လည်း လာရောက်ခဲ့ကြောင်း၊ နေ့စဉ် ယာဉ်ဝင်/ထွက်မှုအနေဖြင့် ကားအစီးရေပေါင်း ၅၀ နှင့် ၁၀၀ ကြားရှိပြီး ယခင်နှစ် ဘုရားပွဲတော်ကာလထက် ယခုနှစ်တွင် ထူးထူးခြားခြား ပို၍စည်ကားခဲ့ကြောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့်

စာမျက်နှာ ၆ သို့ ○



## မယ်စဲ့မြို့နယ်ရှိ သံလွင်တံတား(ဖားဆောင်း)အား KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကယားပြည်နယ် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား (ဖားဆောင်း)အား KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယနေ့နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၇ သို့ ✪

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း) အား မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပျက်စီးနေမှုကို တွေ့ရစဉ်။




## မော်ဂန်ဂစ်ဘ်ဗ်ိုက်အား စတာလင်ပေါင်သန်း ၇၀ ဖြင့် မန်စီးတီးအသင်း ကမ်းလှမ်းမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

မန်စီးတီးအသင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်း ကွင်းလယ်ကစားသမား မော်ဂန်ဂစ်ဘ်ဗ်ိုက်အား စတာလင်ပေါင်သန်း ၇၀ဖြင့် ကမ်းလှမ်းသွားမည်ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၁ ပွဲကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား မော်ဂန်ဂစ်ဘ်ဗ်ိုက်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် နော်တင်ဟမ်ဖောရက်စ်အသင်းထံမှ မော်ဂန်ဂစ်ဘ်ဗ်ိုက်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**


ယနေ့ ဖတ်စရာ အညွှန်း

အင်္ဂလိပ်အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များ ထွက်ပေါ် — စာမျက်နှာ ၁၁

ပြင်ဦးလွင်မြို့နယ်ရှိ ဝါးနက် အပန်းဖြေဆင်စခန်းသို့ လာရောက် လည်ပတ်သူများပြား ဆင်စာဘူပေး ကျွေးမွေး — စာမျက်နှာ ၁၃

ကုသိုလ်မျိုးစေ့ အထုံပါရမီနှင့် မရဏာနုဿတိ (ဆောင်းပါး) — စာမျက်နှာ ၁၄